# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ်(၀၂၇)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အာဆီယံအဖွဲ့သို့ ဝင်ရောက်ပြီးသည့်အချိန်မှစ၍ အာဆီယံပဋိညာဉ် စာတမ်းပါမူနှင့် လုပ်ထုံးလုပ်နည်းများကို လေးစား၊ လိုက်နာခဲ့ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

# မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

### သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့မှ (၂၈) ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ကိုယ်စားလှယ် (နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်) တက်ရောက်ပါရန် ၁၉-၁၀-၂၀၂၁ ရက်နေ့၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံ၏ ဖိတ်ကြားစာကို မြန်မာဘက်က လက်ခံရရှိခဲ့ပါသည်။

အစည်းအဝေးတက်မည့် မြန်မာကိုယ်စားလှယ်၏ အဆင့်ကိုနှိမ့်၍ ဖိတ်ကြားခြင်းနှင့် မိန့်ခွန်းပြောခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အကန့်အသတ်ထားခြင်းတို့သည် အာဆီယံ ပဋိညာဉ်စာတမ်းပါ မူ၊ လုပ်ထုံးလုပ်နည်းနှင့် အာဆီယံ၏ ထုံးတမ်းအစဉ်အလာတို့နှင့် ကွဲလွဲနေပြီး၊ အထူးသဖြင့် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်-၂ ပါ "အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာရန်" နှင့် အပိုဒ်-၅ တွင်ပါရှိသည့် "အဖွဲ့ဝင်နိုင်ငံများသည် တူညီသည့်အခွင့်အရေးနှင့် တာဝန်များရှိရမည်" ဆိုသည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိပါ။

ထို့အပြင် ၁၅-၁၀-၂၀၂၁ ရက်နေ့က ပြုလုပ်ခဲ့သည့် အရေးပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ဆုံးဖြတ်ချက်သည် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒအရ

*စာမျက်နှာ ၅ ကော်လံ ၁* ❑



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁) ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ယနေ့နံနက်ပိုင်းမှစ၍ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးစဉ်။

ခရိုင် (ပြန်/ဆက်)

### ယနေ့ ဖတ်စရာ


ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးရွာသုံးရွာကို ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည် — စာ - ၅

ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး — စာ - ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေ ကျပ်သန်း ၄၅၀၀ ကျော် ထုတ်ချေးပေးထား — စာ - ၇

ဟေတီနိုင်ငံရှိ ဆေးရုံများတွင် လောင်စာဆီ ပြတ်တောက်မှုကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ဟု ကုလသတိပေး — စာ - ၁၂

# ပညာမတတ်ခြင်းနှင့် ဆင်းရဲခြင်းသံသရာမှ ကြိုးပမ်းရုန်းထွက်ဖို့လို

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကာလ ၁၉၈၇ ခုနှစ်တွင် မိမိတို့နိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများ (Least Developed Countries) စာရင်းသို့ ဝင်ရောက်ခဲ့ရသည်။ နိုင်ငံတွင် တစ်ဦးချင်း ဝင်ငွေနည်းပါးမှု၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနိမ့်ကျမှု၊ စီးပွားရေးထိခိုက်နစ်နာလွယ်မှု စသည့် ညွှန်းကိန်းများ နိမ့်ကျမှုများကို ကုလသမဂ္ဂသို့ တင်ပြကာ ကြွေးမြီများ လျှော်ပစ်ရေး၊ ငွေကြေးအထောက်အပံ့များရရှိရေးတို့ကို မျှော်မှန်း၍ LDC စာရင်းဝင်နိုင်ငံအဖြစ် လျှောက်ထားဝင်ရောက်ခဲ့ရခြင်းဖြစ်သည်။ လူတစ်ယောက်အနေဖြင့်ဆိုပါက မိမိအား လူမွဲအဖြစ် ကြေညာပေးပါရန် တရားရုံးသို့ လျှောက်ထား၍ ဒေဝါလီခံလိုက်ရခြင်းပင်ဖြစ်သည်။

ယင်းဖြစ်ရပ်က မြန်မာလူမျိုးတို့၏ စိတ်နှလုံးကို ထိခိုက်စေခဲ့သလို ထိုခေတ်ကာလတွင် တာဝန်ယူခဲ့ရသည့်အစိုးရအနေဖြင့်လည်း ယင်း၏အကျိုးဆက်ကို ခံစားခဲ့ရသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းလာနိုင်ခဲ့ပြီးနောက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ လွတ်မြောက်နိုင်ရေးအတွက် ကြိုးပမ်းရုန်းကန်ခဲ့ရာ အောင်မြင်မှုတံခါးဝသို့ ရောက်ရှိခဲ့သည်။ မိမိတစ်နိုင်ငံတည်းအနေဖြင့် တိုးတက်မှုရှိသည်ဟု ဆိုနိုင်သော်လည်း ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသားတို့၏ ပျမ်းမျှသက်တမ်း၊ တစ်ဦးချင်း ဝင်ငွေနှင့် ပညာရေးတို့မှာ များစွာနိမ့်ကျနေဆဲဖြစ်သည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံသားတစ်ဦး၏ ပျမ်းမျှသက်တမ်း ၇၅ နှစ်ရှိချိန်တွင် မြန်မာက ၆၆ နှစ်၊ ထိုင်းက လူတစ်ဦးချင်းတစ်နှစ်လျှင် ပျမ်းမျှဝင်ငွေ ဒေါ်လာ ၁၃၀၀၀ ကျော်ရှိချိန်တွင် မြန်မာက ဒေါ်လာ ၄၆၀၀၊ ထိုင်းလူငယ်တစ်ဦး၏ ပျမ်းမျှပညာသင်ကာလ ၁၄ နှစ် ရှိချိန်တွင် မြန်မာက ကိုးနှစ်ဖြစ်နေသည်။

မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းလျက်ရှိရာ အသက် ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်း ရှိနေသည်။ အလယ်တန်းအထိ ပညာသင်ကြားခဲ့သူ ၁၈ သန်းကျော်ရှိပြီး အထက်တန်းသို့ရောက်သည့်အခါ ခုနစ်သန်းကျော်သာ ပညာသင်ကြားကြတော့သည်။ အခြေခံပညာအဆင့်မှာပင် မူလတန်းမှ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့်သို့ ဆက်လက်တက်ရောက်နိုင်ခြင်းမရှိဘဲ ကျောင်းထွက်သည့်နှုန်း မြင့်မားနေခြင်းနှင့် ကျောင်းလုံးဝမနေဖူးသူများ သိန်းနှင့်ချီ၍ များပြားနေခြင်းက နိုင်ငံ၏ပညာရေးအခြေအနေ နိမ့်ကျနေမှုကို ပြသလျက်ရှိပြီး အလေးအနက်ထားကာ မြှင့်တင်ပေးနိုင်မှသာ နိုင်ငံ၏ အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို ကောင်းစွာ ရရှိနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ "ပညာသင်ကြားရန်အတွက် ငွေကြေးမတတ်နိုင်သူ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ မိဘအလုပ်အား ကူညီနေရသူ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဝင်ရောက်ကူညီပေးရသူ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းရာခိုင်နှုန်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါကိစ္စရပ်များကို အစိုးရအနေဖြင့် ဝင်ရောက်ကူညီဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏ စီးပွားရေးကို အဓိကထား ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထား မြှင့်တင်ပေးရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ အခြေခံပညာရေးမှာ အခမဲ့ပညာရေးစနစ်ဖြစ်သည့်အတွက် မိဘများက မိမိတို့၏သားသမီးများကို အခြေခံပညာအထက်တန်းအဆင့် ပြီးဆုံးသည်အထိ အနည်းဆုံးအားဖြင့် တွန်းအားပေးသင်ကြားစေရန် အားထုတ်ကြဖို့လိုသည်။ ပညာမသင်ကြားနိုင်ရခြင်း အကြောင်းရင်း သုံးရပ်၏ အခြေခံအကြောင်းတရားမှာ ဆင်းရဲနွမ်းပါးခြင်းကြောင့်ပင်ဖြစ်ပြီး ပညာမတတ်ခြင်းနှင့် ဆင်းရဲခြင်းတို့သည် အပြန်အလှန် သံသရာလည်သည့် သဘာဝရှိသည့်အတွက် ရုန်းထွက်ကြရန် လိုအပ်သည်။ တစ်ဖက်တွင်လည်း အစိုးရက ဝင်ရောက်ကူညီဖြေရှင်းပေးခြင်းအားဖြင့် ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် မိမိတို့အတွက်ရော နိုင်ငံအတွက်ပါ စွမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း။ ။



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းထိုက် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| (ခ) | ဒေါက်တာမျိုးသန့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဦးအောင်မြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဃ) | ဦးနေအောင်ရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (င) | ဦးဝဏ္ဏဇော် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေး<br>ဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဇော်နိုင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာနှင့်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးမျိုးဇော်ဇော်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၃၀-၁၁-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာစစ်ဆေးထုတ်ပေးလျက်ရှိရာ ၂၆-၁၀-၂၀၂၁ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီလေးခုမှ Food Supplement: Nutrition Poweder For Diabetasol ၂၄၉၆ ခု၊ Lykavir Inj: ၉၆၀၀၊ Pluse Oximeter ၄၂၆ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Disposable Test Tube ၁၁၂ ခု၊ Medical Grade Fluid-Resistance Mask ၄၀၀၀၀၊ Medical Grade Face Mask ၄၀၀၀၀၊ Oxygen Concentrator ငါးခု၊ ဆေးဝါးမျိုးစုံ ၂၁ မျိုး ၁၀၂၈၉၁ ဒသမ ၀၇၉ Kg၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီခုနစ်ခုမှ Mask ၁၁၂၁၅ Kg၊ Liquid Oxygen ၁၅၂၆၂ $M^3$၊ PPE ၄၁၂၅၀၊




Shoe Cover ၃၂၅၆ Kg၊ Syringe ၂၅၀၆၄ခု၊ Gloves ၁၉၃၈၂ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# e-ID စနစ် မှတ်ပုံတင်ခြင်း စီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ရရှိသည့်အချိန်ကာလအတွင်း ပြီးစီးနိုင်သမျှသော လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်





ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ e-ID စနစ်လုပ်ငန်းကော်မတီ၊ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ၏ e-Government စနစ် အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ် ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ်လုပ်ငန်းကော်မတီ၊ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### e-ID လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်

ရှေးဦးစွာ e-ID စနစ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ နိုင်ငံတွင် ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ ထိရောက်လျင်မြန်စေပြီး နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် e-Government စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် ကမ္ဘာလုံးဆိုင်ရာ လိုအပ်ချက်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (SDG) နှင့်အညီ သက္ကရာဇ် ၂၀၃၀ ၌ နိုင်ငံသားတိုင်း မွေးစာရင်းအပါအဝင် တရားဝင်မှတ်ပုံတင် တစ်ခုရရှိရေးဆိုသည့် လိုလားချက်၊ နိုင်ငံအတွင်း နေထိုင်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူပြီး လူတစ်ဦးချင်းစီကို ကိုယ်ပိုင်နံပါတ်တစ်ခုစီ ထုတ်ပေးရေးနှင့် e-Government Application များတွင် အသုံးပြုနိုင်ရေးဆိုသည့် လိုလားချက်၊ National Database စနစ်တည်ဆောက်၍ e-Government Application နှင့် Single Platform အဖြစ် ချိတ်ဆက်အသုံးပြုနိုင်ရေးဆိုသည့် လိုလားချက် စသည့်အချက်များသည် e-ID လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် တိုက်တွန်းလမ်းညွှန်ချက်များပင် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် e-ID စနစ်လုပ်ငန်းကို ယခင်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လုပ်ငန်းစီမံချက်အသစ်တစ်ခု မဟုတ်ကြောင်းကို ပြောကြားလိုပါကြောင်း။

### ပိုမိုကောင်းမွန်သည်ကို သုံးသပ်တွေ့ရှိရ

ယင်းသို့ ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ကြုံတွေ့နိုင်သည့်အခက်အခဲများကို သိရှိနိုင်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အချို့၌ နယ်မြေဒေသသတ်မှတ်၍ စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများ၏ စနစ်များကိုလည်း လေ့လာခဲ့ရာ ယင်းလေ့လာချက်များအရ မိမိတို့နိုင်ငံတွင် e-ID စနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် နိုင်ငံတွင်း နေထိုင်သူအားလုံးကို electronic နည်းပညာအသုံးပြု၍ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် လက်ဗွေ၊ မျက်လုံးသူငယ်အိမ်၊ မျက်နှာဓာတ်ပုံ (Biometric Data) များ ကောက်ယူကာ Database တွင် သိမ်းဆည်းပြီး လူတစ်ဦးချင်းစီအတွက် (Unique ID Number) ကို (Random) ဖြင့် သတ်မှတ်ပေး၍ မှတ်ပုံတင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဒုတိယအဆင့်အနေဖြင့် electronic စနစ်ဖြင့် မှတ်ပုံတင်ထားသူများအနက်မှ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား အရည်အချင်းရှိသူများကို စိစစ်အတည်ပြုပြီး နိုင်ငံသားကတ်ကို Smart Card ဖြင့် ထုတ်ပေးခြင်း (National ID) (သို့မဟုတ်) အချိန်အတိုင်းအတာတစ်ခုတွင် တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းတို့က ပိုမိုကောင်းမွန်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

e-ID စနစ် မှတ်ပုံတင်ခြင်း စီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ရရှိသည့် အချိန်ကာလအတွင်း ပြီးစီးနိုင်သမျှသော လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဝင်များအနေဖြင့် ယခုစီမံကိန်း အောင်မြင်နိုင်ရေးအတွက် ကောင်းမွန်သည့် အကြံဉာဏ်များပေးကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် e-ID စနစ်လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လှူမွန်နှင့် လုပ်ငန်းကော်မတီဝင်များက e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထည့်သွင်းဆောင်ရွက်ရမည့်အခြေအနေများ၊ တိကျခိုင်မာသည့်ဥပဒေနှင့် နည်းပညာ ဆိုင်ရာလိုအပ်ချက်များ၊ ဌာနအလိုက် နည်းပညာဆိုင်ရာ ဆောင်ရွက်နေမှုနှင့် နည်းပညာ လုံခြုံရေးဆိုင်ရာအခြေအနေများ၊ လုပ်ငန်းဆိုင်ရာအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းစီမံချက် ရေးဆွဲပြုစုနိုင်ရေးအခြေအနေများ၊ တွေ့ကြုံနိုင်သည့် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များနှင့် လုပ်ငန်းလိုအပ်သည်များကို မေးမြန်းညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးအကြံပြုချက်များနှင့် ပတ်သက်၍ e-Government ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြကာ လုပ်ငန်းစီမံချက် ရေးဆွဲဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိဂုံးချုပ် အမှာစကားပြောကြား ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ ဆန်နှင့်အခြေခံစားကုန်များ ဆက်ကပ်လှူဒါန်း

သီပေါ အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အလှူရှင်များ စုပေါင်း၍ စာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော သာသနာ့နွယ်ဝင်သီလရှင်များအား သီတင်းကျွတ်ကာလအခြေခံစားကုန်များ ပြည့်စုံရေးအတွက် အောက်တိုဘာ ၂၄ ရက်က သက်ဆိုင်ရာ စာသင်တိုက်အသီးသီးသို့ သွားရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် သီပေါမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူ၊ တပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် အလှူရှင်များက ဓမ္မသုခစာသင်တိုက် လွယ်မုတ်တောင်ရွှေမောင်းစာသင်တိုက်နှင့် ရွှေကျောင်းရိပ်သာတို့တွင် သီတင်းသုံးနေတော်မူသော သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ကြက်ဥ၊ ကြက်သွန်နီနှင့် အခြေခံစားကုန်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ခရီးသွားလုပ်ငန်းဆောင်ရွက်သူများနှင့် ခရီးသွားဧည့်သည်များအတွက် နည်းပညာအသစ်များသုံးစွဲမှုသည် ပိုမိုလွယ်ကူလျင်မြန်ပြီး လုပ်ငန်းရေရှည်ရှင်သန်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်

**နေပြည်တော် အောက်တိုဘာ ၂၆**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization– UNWTO)၊ The Advanced Leadership Foundation (ALF)၊ The Chambers of Commerce INCYDE Foundation နှင့် Municipal and Regional Administration of Barcelona တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့တွင် ကျင်းပသော The Future of Tourism World Summit အစီအစဉ်တွင် ပါဝင်သည့် The Future of World Tourism Summit – Ministerial debate ကို ယနေ့မွန်းလွဲပိုင်းတွင် Virtual ဖြင့်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် Online မှ ပါဝင်တက်ရောက် ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) က စီစဉ်ကျင်းပသောThe Future of Tourism World Summit သို့ Online မှ ပါဝင်တက်ရောက်ဆွေးနွေးစဉ်။

**မျှဝေဆွေးနွေး**

ဝန်ကြီးများအဆင့် ဆွေးနွေးပွဲတွင် UNWTO မှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili နှင့် International Civil Aviation Organization (ICAO) မှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Juan Carlos Salazar တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီး အပါအဝင် နိုင်ငံပေါင်း (၁၈) နိုင်ငံမှ ခရီးသွားဝန်ကြီးများက UNWTO Ministerial Debate: The Future of Tourism for People, Planet, Prosperity ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး မိမိတို့နိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ၊ နိုင်ငံများအလိုက် အစိုးရများမှ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်နစ်နာမှုများကို လျော့ပါးစေရန် ဆောင်ရွက်ထားမှု၊ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရာ၌ ဦးစားပေးဆောင်ရွက်လိုသည့် ကဏ္ဍများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ခရီးသွားလုပ်ငန်း အနာဂတ်အလားအလာများကို မျှဝေဆွေးနွေးကြသည်။

အဆိုပါ The Future of Tourism – Ministerial debate တွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် နည်းပညာ အသုံးပြုခြင်းသည် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် Internet of the Things (IoT) သည် အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများနှင့် ခရီးသွားဧည့်သည်များအတွက် နည်းပညာ အသစ်များသုံးစွဲမှုသည် ပိုမိုလွယ်ကူလျင်မြန်ပြီး လုပ်ငန်းရေရှည် ရှင်သန်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခဲ့သော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် COVID–19 Economic Relief Plan (CERP) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ဦးမော့လာစေရေး အတွက် Myanmar Tourism Strategic Recovery Roadmap (MTSRR) ကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းပြန်လည် ထူထောင်ရာ၌ ဦးစားပေးဆောင်ရွက်လိုသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးသည် အနာဂတ် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပိုမိုသွက်လက်လွယ်ကူသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ရန်အလွန်အရေးပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Towards NetZero Tourism for Planet regeneration: High Level Roundtable၊ Funding the Future of Tourism: High Level Debate၊ Digitalization & Smart Destinations စကားဝိုင်း ဆွေးနွေးမှုများကို ကျင်းပသည်။ ထို့အတူ အောက်တိုဘာ ၂၇ ရက် Summit အစီအစဉ်တွင် ပညာရှင်များက ခရီးသွားလုပ်ငန်းတွင် လူ့စွမ်းအား အရင်းအမြစ်များအပေါ် ရင်းနှီးမြှုပ်နှံခြင်း၊ ခရီးစဉ်ဒေသများတွင် မဟာဗျူဟာမြောက် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်း အမှတ်တံဆိပ်၏ သက်ရောက်မှုအား ဖော်ထုတ်ခြင်း၊ ဝိုင်ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း အစရှိသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ပြီး The Barcelona Call to Action ကို Towards a new Agenda for Tourism: For People, Planet and Prosperity ခေါင်းစဉ်ဖြင့် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

**ပါဝင်တက်ရောက်**

အဆိုပါ Summit သို့ နိုင်ငံပေါင်း (၇၀) မှ ပါဝင်ဆွေးနွေးသူ (၈၀) ကျော်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

**၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တာဝန်ရှိသူများတက်ရောက်**

အစည်းအဝေးသို့ ဆပ်ကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသော နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တက်ရောက်လာကြသူများက (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုံခြုံရေးနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များ နှင့်အညီ ကျင်းပပြုလုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်က (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ ဆပ်ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းအလိုက် လိုအပ်ချက်မရှိစေရေး စနစ်တကျ စီမံကြီးကြပ် ဆောင်ရွက်ကြရန်နှင့် ဗဟိုကော်မတီမှ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြရန် နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘူးသီးတောင်မြို့နယ်ရှိ ဦးတည်အုပ်စုအကျုံးဝင်သည့် ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

**ဘူးသီးတောင် အောက်တိုဘာ ၂၆** ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ အသက် (၅၅) နှစ်အထက်နှင့် ဦးတည်အုပ်စုအကျုံးဝင်သည့်ပြည်သူ ၃၀၀၂ ဦးတို့အား ဒုတိယအကြိမ် (ဒုတိယအသုတ်) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ်အတွင်းရှိ စုရပ်အသီးသီးတို့၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးရန်လာရောက်သည့် အသက် (၅၅)နှစ်အထက်နှင့် ဦးတည်အုပ်စုအကျုံးဝင်သည့် ပြည်သူများအား စာရင်းများပြုစုခြင်း၊ အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ကာ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီး၊ ကာကွယ်ဆေး ထိုးနှံပြီးသူများကို မိနစ် ၃၀ ခန့် အနားယူစေခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံနေမှုများကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကျန်းမာရေး လမ်းညွှန်ချက်များ နှင့်အညီ စနစ်တကျ ကူညီ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

❑ ရှေ့ဖုံးမှ

ဆုံးဖြတ်ခဲ့ခြင်း မဟုတ်သည့်အတွက် ယင်းအစည်းအဝေး ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက လက်မခံနိုင်ကြောင်း၊ ယင်းကိစ္စကို မှတ်တမ်းတင်ထားရန် အဆိုပါ အစည်းအဝေးတွင်ပင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဘရူနိုင်းနိုင်ငံသို့ အသိပေးခဲ့သည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ သဘောထားကို လျစ်လျူရှုလျက်၊ အာဆီယံထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးချမ်းအေး တက်ရောက်ရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံက ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် ဖိတ်ကြားခဲ့သည်။

သို့ပါ၍ အဆိုပါ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံ့အကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့ အကြီးအကဲ သို့မဟုတ် နိုင်ငံ့အကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်က ပါဝင်တက်ရောက်နိုင်ရေးကိုသာ လက်ခံမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဘက်သို့ ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် အကြောင်းပြန်ကြားခဲ့သည်။

မြန်မာနိုင်ငံမှ အာဆီယံထိပ်သီးအစည်းအဝေးများသို့ နိုင်ငံ့အကြီးအကဲအဆင့် သို့မဟုတ် ၎င်း၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးအဆင့် တက်ရောက်ခွင့် မရရှိသောကြောင့် မတက်ရောက်နိုင်ခဲ့ခြင်းမှာ

**"မြန်မာနိုင်ငံမှ အာဆီယံထိပ်သီးအစည်းအဝေးများသို့ နိုင်ငံ့အကြီးအကဲအဆင့် သို့မဟုတ် ၎င်း၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးအဆင့် တက်ရောက်ခွင့်မရရှိသောကြောင့် မတက်ရောက်နိုင်ခဲ့ခြင်းမှာ အာဆီယံအား မကျေနပ်မှုကို ပြသလိုသော သဘောဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်သည့်အပြင်၊ အာဆီယံကို သပိတ်မှောက်နေခြင်းလည်းမဟုတ်ကြောင်း၊ အာဆီယံ ပဋိညာဉ်စာတမ်းပါမူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ရရှိသင့်သည့် အခွင့်အရေးကို တောင်းဆိုခြင်းသာဖြစ်ပြီး မြန်မာနိုင်ငံ၏ ညှိနှိုင်းဆောင်ရွက်လိုသည့် သဘောထားကိုပြသခြင်းဖြစ်"**

အာဆီယံအား မကျေနပ်မှုကို ပြသလိုသော သဘောဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်သည့်အပြင်၊ အာဆီယံကို သပိတ်မှောက်နေခြင်းလည်း မဟုတ်ကြောင်း၊ အာဆီယံ ပဋိညာဉ်စာတမ်းပါ မူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ရရှိသင့်သည့် အခွင့်အရေးကို တောင်းဆိုခြင်းသာဖြစ်ပြီး မြန်မာနိုင်ငံ၏ ညှိနှိုင်းဆောင်ရွက်လိုသည့် သဘောထားကို ပြသခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့သို့ ဝင်ရောက်ပြီးသည့်အချိန်မှစ၍ အာဆီယံပဋိညာဉ် စာတမ်းပါမူနှင့် လုပ်ထုံးလုပ်နည်းများကို လေးစား၊ လိုက်နာခဲ့ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အပြုသဘော ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားပါမည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးရွာသုံးရွာကို ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ နယ်မြေအတွင်း စံပြကျေးရွာအကောင်အထည်ဖော် ဆောင်ရွက်မည့် တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာနှင့် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာတို့တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



**ဦးစားပေးဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရွာတောကျေးရွာအုပ်စု ငွေးပင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာအုပ်စု ကျွန်းဦးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု သော်မှော်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း မေးမြန်းဆွေးနွေးကာ ကျေးရွာနေပြည်သူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် မိမိတို့ဝန်ကြီး ဌာနအနေဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သမဝါယမ ကဏ္ဍမြှင့်တင်ရေးနှင့် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စံပြကျေးရွာ အင်္ဂါရပ်များနှင့်အညီဖြစ်စေရေး လိုအပ်ချက်များကို ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့်လည်း ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အားလုံးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစဉ်များဖြစ်သည့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့် ငွေကြေးထောက်ပံ့ကူညီခြင်းလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားရေး မြင့်မားစေရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာ ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဦးစီးဌာနများမှ ကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မည့် အစီအစဉ်များနှင့် စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်းနှင့် ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ခေတ်မီစံပြကျေးရွာအကောင်အထည်ဖော်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာနှင့် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာတို့ကို Pilot Project အဖြစ် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲမြို့နယ် ဗဟိုဈေးကြီး၌ ဈေးရောင်းချနေသူများအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့ ဆက်လက်စစ်ဆေးပေးလျက်ရှိ

**ကျောက်မဲ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် ဗဟိုဈေးကြီး အတွင်း ဈေးရောင်းချနေသူများအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိကို RDT Test Kit ဖြင့် ယနေ့နံနက်ပိုင်းက အဆိုပါဈေး၌ အခမဲ့ စစ်ဆေးပေးကြောင်း သိရသည်။ (ဝဲပုံ)



ဈေးရောင်းချသူများမှ တစ်ဆင့် ကိုဗစ်- ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ရည်ရွယ်၍ မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ၏ အစီအစဉ်ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက အောက်တိုဘာ ၂၅ ရက်တွင် ဈေးရောင်းချသူ ၂၀၂ ဦးကို စစ်ဆေးရာ ကိုဗစ်- ၁၉ ရောဂါပိုးဖြစ်ပွားသူ နှစ်ဦးတွေ့ရှိခဲ့ပြီး ယနေ့ ဈေးရောင်းချသူ ၁၈၁ ဦးကို ဆက်လက်စစ်ဆေးရာ ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားသူမရှိကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

အလားတူ ကျောက်မဲမြို့ အောင်မင်္ဂလာဈေးရှိ ဈေးရောင်းချသူများနှင့် ပျံ့ကျဈေးများ၌ ဈေး ရောင်းချနေသူများအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိကို ဆက်လက်စစ်ဆေးမည် ဖြစ်ကြောင်း သိရသည်။

မိုင်းထွန်း (ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

မော်လမြိုင် အောက်တိုဘာ ၂၆

**မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်နယ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦး၏ တရားဝင်မှု၊ နိုင်ငံသားအခွင့်အရေးနှင့် လူမှုစီးပွားဘဝ ပြည့်စုံမှုရှိစေရေးအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလဖြစ်သည်နှင့်အညီ အခက်အခဲများရှိနေသော်လည်း အချိန်ကန့်သတ်ချက်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စီမံချက် အောင်မြင်စေရေးအတွက် အခက်အခဲများကို နည်းလမ်းရှာကြံ ကျော်ဖြတ်ကာ အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းစီ ပေးအပ်ကြပြီး(ယာပုံ) မွန်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပန်းခင်းစီမံချက်ကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ် ၁၀ မြို့နယ်ရှိ ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်း ၂၁၁၂ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ် ၃၈၄၅၈ ဦးတို့အတွက် ဆောင်ရွက်ပေးပြီးအပြင် အလားတူ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာ ပြည်သူများနှင့် တပ်ရင်း၊ တပ်ဖွဲ့ မိသားစု ၁၅၁၉၀ အတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယင်းပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ စတင်ကာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့အထိ ၁၈ လတာကာလ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



**ဇာဖြူဝင်း(ပြန်/ဆက်)**

# ရုရှား-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ ကောင်စစ်ဝန် (Economic and Commercial Affairs) ဖြစ်သူ Mr. Andrei Iunak နှင့် ပြည်ထောင်စုဝန်ကြီးရုံး ညှိခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုတွင် လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)

ဆွေးနွေးပွဲတွင် ဆန်၊ ပဲအမျိုးမျိုး၊ နှမ်းသီးနှံများအပြင် သရက်၊ သခွား၊ နာနတ်၊ ထောပတ်၊ ငါး၊ ပုစွန်စသည့် အမယ်သစ်များ ရုရှားနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ သီးနှံ၊ သားငါးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာ နည်းပညာနှင့် သုတေသန လုပ်ငန်းများ၊ သွင်းအားစုထုတ်လုပ်ရေး၊ လယ်ယာထွက်ကုန် ကုန်ချောပစ္စည်း ထုတ်လုပ်ရေး၊ ထောက်ပံ့ပို့ဆောင် သိုလှောင်မှုလုပ်ငန်းများတွင် ရုရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသား အစားအစာဘေး ကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေး၊ စားနပ်ရိက္ခာလုံခြုံမှု အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့ရေထွက်ကုန်ငါးတန် (Pangasius)နှင့် ပုစွန်ဖြူ (Vanamie)အား ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး၊ ပုစွန်အတွက် သက်ရှိအစာ (live foods) ဖြစ်သည့် အာတီးမီးယား (Artimia)ကို ရုရှားနိုင်ငံမှ တင်သွင်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၂၆

**ရုရှား – မြန်မာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း (RMFAC) နှင့် မြန်မာ – ရုရှားစီးပွားရေးဖွံ့ဖြိုးမှုအသင်း(MRBDA)တို့၏ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ကျင်းပရာ ရုရှား – မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ အန်နာသိုလီ ဘူလော့ချနိကော့နှင့် ရုရှားနိုင်ငံမှ စီးပွားရေးဆိုင်ရာ တာဝန်ရှိကိုယ်စားလှယ်များ၊ မြန်မာ – ရုရှား စီးပွားရေးဖွံ့ဖြိုးမှုအသင်း ဥက္ကဋ္ဌ ဦးသန်းဇော်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်သည်။**

အခမ်းအနားတွင် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း၊ ဒုတိယဥက္ကဋ္ဌက "မြန်မာနိုင်ငံကို အဓိကလာရောက်ရခြင်းမှာ နှစ်နိုင်ငံဘဏ္ဍာရေး၊ ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုများအတွက် အပြန်အလှန်ဘဏ္ဍာရေးအစီအမံများ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှလည်း ဘဏ္ဍာရေးဆိုင်ရာစီမံမှုအတွက် အထောက်အပံ့ ရရှိထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှလည်း အလားတူအထောက်အပံ့ရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

## အကျိုးတူ ပူးပေါင်းဆောင်ရွက်

ထို့နောက် မြန်မာ-ရုရှား စီးပွားရေးဖွံ့ဖြိုးမှု အသင်းဥက္ကဋ္ဌက ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို ရုရှား-မြန်မာချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အသင်းအနေဖြင့် စုစည်းပြီးတော့ မိမိတို့နှင့် စီးပွားရေးကဏ္ဍများ တိုးတက်လုပ်ဆောင်နိုင်အောင် စီမံဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင် လုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်လိုကြောင်း ပြောကြားသည်။

## လက်မှတ်ရေးထိုး

ယင်းနောက် ရုရှား – မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း၏ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာ – ရုရှား စီးပွားရေးဖွံ့ဖြိုးမှုအသင်း၏ ဥက္ကဋ္ဌတို့က ရုရှား-မြန်မာနှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူနားလည်မှု စာချွန်လွှာအား အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**




ယခုရေးထိုးသော နားလည်မှုစာချွန်လွှာသည် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အတူတကွ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာကဏ္ဍ၊ သတ္တုလုပ်ငန်းဆိုင်ရာကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများစသည့် ကဏ္ဍများကို နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အသင်းများအကြား ကုန်သွယ်မှုများ တိုးမြှင့်အကောင်အထည်ဖော်ရန်အတွက် အကြိုညှိနှိုင်း သဘောတူရေးထိုးကြသော နားလည်မှု စာချွန်လွှာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၄၅၀၀ ကျော် ထုတ်ချေးပေးထား

နေပြည်တော် အောက်တိုဘာ ၂၆

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးကြီးများကို ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။**

တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် ထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ ထုတ်ချေးရာတွင် တပ်ကုန်းမြို့နယ် ထုံးဘိုအုပ်စုတို့မှ တောင်သူ ၁၀၈ ဦးတို့ကို စပါးဧက ၄၆၀ နှင့် အခြားသီးနှံ ၂၆ ဧကအတွက် စုစုပေါင်းစိုက်ဧက ၄၈၆ ဧကအတွက် ငွေကျပ် ၇၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့သည်။

တပ်ကုန်းမြို့နယ်ဘဏ်ခွဲအနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ ပြည့်နှစ် မိုးချေးငွေ ပြေကျေစွာပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ကျေးရွာအုပ်စု ၄၄ အုပ်စု၊ တောင်သူ ၂၂၈၈ ဦး၊ စပါး ၆၉၀၁ ဧကနှင့် အခြားသီးနှံ ၂၂၅၇ ဧကအတွက် စုစုပေါင်းစိုက်ဧက ၉၁၅၈ ဧကအတွက် ချေးငွေ ကျပ် ၁၂၆၀ ဒသမ ၈၅ သန်း ထုတ်ချေးထားပြီး အောက်တိုဘာလကုန်အထိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တပ်ကုန်းမြို့နယ် ဘဏ်ခွဲမန်နေဂျာ ဒေါ်နန့်တင်စန်းထံမှ သိရသည်။

လက်ရှိတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲ လေးဘဏ်မှ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၁၅၀၊ တောင်သူ ၇၉၁၃ ဦး၊ စပါး ဧက ၂၇၈၃၀ နှင့် အခြားသီးနှံ ၃၃၇၈ ဧကအတွက် စုစုပေါင်း စိုက်ဧက ၃၁၂၀၈ ဧကအတွက် ချေးငွေကျပ် ၄၅၁၂ ဒသမ ၃ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း နေပြည်တော်တိုင်း ဘဏ်ခွဲမန်နေဂျာ ဦးသက်ဦးထံမှ သိရှိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ညောင်တုန်းမြို့ အောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင်များစတင်စမ်းသပ်ထုတ်လုပ်

**ညောင်တုန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ် (၂) ရပ်ကွက် မြတောင်ကျောင်းတိုက်အတွင်း တည်ဆောက်လျက် ရှိသော အောက်ဆီဂျင်စက်ရုံ အတွက် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများအား ညောင်တုန်းမြို့သို့ စက်တင်ဘာလကုန်ပိုင်းက ရောက်ရှိလာပြီး အောက်ဆီဂျင်များအား အောက်တိုဘာလ ဆန်းပိုင်းမှ စတင်ကာ စမ်းသပ်ထုတ်လုပ်လည်ပတ်နေပြီ ဖြစ်သည်။



မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါနှင့် အောက်ဆီဂျင်လိုအပ်နေသော လူနာများအား အမြန်ဆုံး ကုသပေးနိုင်ရေး၊ အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေးတို့အတွက် We Love Nyaungdon လူမှုပရဟိတအဖွဲ့နှင့် အများပြည်သူ စုပေါင်းအလှူငွေများဖြင့် နာရေးကူညီမှု၊ ပီတိပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ အောက်ဆီဂျင် စက်ရုံအား ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအခါ အောက်ဆီဂျင်စက် စတင်လည်ပတ် ထုတ်လုပ်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ အောက်ဆီဂျင် သန့်စင်မှု ၉၅ ဒသမ ၆ ရာခိုင်နှုန်း ထွက်ရှိရာ အောက်ဆီဂျင် လိုအပ်လျက်ရှိနေသော လူနာများအား သန့်ရှင်းစင်ကြယ်စွာဖြင့် အသုံးပြုဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။ ကျန်ရှိနေသော အဆောက်အအုံဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဆောက်လုပ် ဆောင်ရွက်လျက်ရှိနေကြောင်း We love Nyaung-don လူမှုပရဟိတအဖွဲ့မှ အကျိုးဆောင် ကိုညာဏ်မြင့်ရှိန် က ပြောသည်။ အဆိုပါ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးအလုံး ၄၀ ထွက်ရှိမည်ဖြစ်ပြီး ညောင်တုန်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင်နေ ဒေသခံပြည်သူများအတွက်ပါ အောက်ဆီဂျင် လိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## အင်အားအနည်းငယ်ရှိ လျှင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၆ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ၊ ၄၉ မိနစ်၊ ၅၃ စက္ကန့်အချိန်တွင် ကသာမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၃ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း (အင်းတော်မြို့၏ မြောက်-အရှေ့မြောက်ဘက် (၉) မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၂ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**



# စစ်တက္ကသိုလ်၊ အဆင့်မြင့်စာပေပညာဗဟိုဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၁) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်အနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (၂၀၂၁) "Conference on Science and Technology Development–2021 (CSTD–2021)" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်၊ စစ်တက္ကသိုလ်၊ အဆင့်မြင့်စာပေ ပညာဗဟိုဌာန၊ ၅ ထပ်စာသင်ဆောင်ရှိ Multifunction Hall ၌ ကိုဗစ် –၁၉ ကူးစက်ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ စတင်ကျင်းပသည်။



**တက်ရောက်**

အဆိုပါ ကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက် တက္ကသိုလ်များမှ ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသော သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြပြီး ကိုယ်တိုင်လာရောက် စာတမ်းမဖတ်ကြားနိုင်သော Keynote Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ တင်သွင်းခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပိုစတာ ၂၃ စောင်ကို လှည့်လည်ကြည့်ရှုရာ ပိုစတာရှင်များက ရှင်းလင်းတင်ပြကြသည်။

**စာတမ်းများ ဖတ်ကြား**

ထို့နောက် ဖိတ်ကြားထားသောပါမောက္ခများ၏ စာတမ်း နှစ်စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၅၄ စောင် စုစုပေါင်း ၅၆ စောင် ဖတ်ကြားခဲ့သည်။

အဆိုပါ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်( ၂၀၂၁) ကို အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိတ်ကြားထားသော Keynote Speaker စာတမ်း နှစ်စောင်၊ အထူးစာတမ်း ခြောက်စောင် အပါအဝင် စုစုပေါင်း စာတမ်း အစောင် ၅၀ ကို ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ အကောင်းဆုံးစာတမ်း ခြောက်ဆုနှင့် အကောင်းဆုံး ပိုစတာဆု နှစ်ဆု ချီးမြှင့် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့်ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် ယနေ့တွင် ဧရာဝတီ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း/ တပ်ဖွဲ့များ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံ စိုက်ပျိုး မွေးမြူရေးခြံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကြက်အစာ ဖြန့်ဖြူးရေးနှင့် ဝက်အစာစပ်စက်ရုံတို့ကို လည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ (ဝဲပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# သီပေါ ဝက်ဝံဈေးအနီးရှိ ဈေးသူ ဈေးသားများအား ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**သီပေါ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ ကြီးကြပ်မှုဖြင့် ကိုဗစ်–၁၉ ရောဂါ ကွင်းဆက်ပြတ်တောက် ထိန်းချုပ်နိုင်ရေးအတွက် ဝက်ဝံဈေးအနီးရောင်းချနေသော ဈေးသည်များ ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးအောင်စည်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဝက်ဝံဈေးအနီး အခြေခံစားသောက်ကုန်၊ ကုန်စိမ်းပြတ်တောက်မှုမရှိစေရေး အချိန်ပိုင်းဈေးသူ ဈေးသား ၁၅၅ဦးကို ကိုဗစ်–၁၉ရောဂါ ပိုး ရှိ ၊ မရှိ (RTD) Test Kit ဖြင့် စစ်ဆေးရာ ဈေးသည်တစ်ဦးမှာ ပိုးတွေ့ရှိရသဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

သီပေါမြို့နယ်အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကွင်းဆက်ပြတ်တောက်ရေးအတွက် ရောဂါ ပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကာကွယ်ရေး၊ ကုသရေးနှင့် ဆေးထိုးနှံခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေးနှင့် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေး တို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ခြောက်ခုမှ အိမ်သုံးဆေးဝါး ၈၉ မျိုးကို ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ယနေ့တွင် ၄၉ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ဥသျှစ်ပင်မြို့နှင့် သပိတ်ကျင်းမြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



**နေပြည်တော် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ (ဓါတ်ပုံ) တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီလေးခုမှ ယာဉ်စီးရေ ခြောက်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser တစ်စီး တန် ၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ငါးခု၊ လက်အိတ် ၁၉ တန်နှင့် နှာခေါင်းစည်း (Mask) ၂၈ တန်တို့ကို တင်သွင်းခဲ့ပြီး Oxygen Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

သတင်းစဉ်



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့၊ လောက်ကိုင်မြို့နှင့် မိုင်းရယ်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် လွိုင်လင်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းတုံမြို့၌ လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နှင့် မြိတ်မြို့တို့၌ လည်းကောင်း(**ယာပုံ**)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့နှင့် ဂွမြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ အုတ်တွင်းမြို့၊ ပေါက်ခေါင်းမြို့တို့၌ လည်းကောင်း ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG CRPH PDF အကြမ်းဖက်သမား အလိုမရှိ၊ NUG CRPH PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပဖြည့်စွက်မှု အလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီအရေခြုံကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG PDF အကြမ်းဖက်မှု အမြစ်ဖြတ်၊ NUG PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG PDFရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈၆ ဦး၊ အမျိုးသမီး ၂၁၈ ဦး စုစုပေါင်း ၄၀၄ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ကိုးဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၈၂ ဦး၊ အမျိုးသမီး ၄၁ ဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၀၂ ဦး၊ အမျိုးသမီး ၁၉၈ ဦး စုစုပေါင်း ၅၀၀ တို့ကိုလည်းကောင်း လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည်-
  (၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
  (၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ။
  (၃) ဇာတ်သဘင်၊ အငြိမ့်ဖျော်ဖြေမှုလုပ်ငန်းများ။
  (၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်း ဖြစ်ရမည်။

(ဂ) ချေးငွေအား လုပ်ငန်းဆက်လက်လည်ပတ်ရန် ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်းဖြစ်ရမည်။

(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။

(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဇ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင် ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်းမရှိစေရန် စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကို အောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -

(က) www.mifer.gov.mm။
( ခ ) www.moi.gov.mm။
( ဂ ) www.dica.gov.mm။
(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်း ပြုမည်မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။
၀၉ - ၄၄၅ ၈၆၃ ၉၈၂
၀၉ - ၄၄၅ ၈၆၄ ၃၈၁

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
၀၁ - ၆၅၈၁၂၂
၀၁ - ၆၅၈၁၃၁

၁၁။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး
သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

### ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| | **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေ ရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေ ပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၈။ | လုပ်ငန်းဓါတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| | **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေ ပြန်လည် ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓါတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ)<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်**

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ**

နေ့စွဲ၊ ၂၀၂၀ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------------
------------------------------
(ဃ) လုပ်ငန်းအမျိုးအစား - ------------------------------
(င) လုပ်ငန်းသက်တမ်း - ------------------------------
(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------------
------------------------------
(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ------------------------------
(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ) - ------------------------------

လက်မှတ် - ------------------------------
အမည် - ------------------------------
မှတ်ပုံတင်အမှတ်- ------------------------------
ရာထူး - ------------------------------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ------------------------------

ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်များမှ PDF အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




*○ ကျောဖုံးမှ*

တရားခံ **ထူးထူးပိုင်**၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် ကြံခင်းမြို့နယ် ဘက်ရဲမြို့ (၂)ရပ်ကွက် လမ်းမတော်လမ်း၌ **သန့်စင်(၃၅နှစ်)**ကို လည်းကောင်း၊ အောက်တိုဘာ ၉ ရက်တွင် မြန်အောင်မြို့နယ် သဲဖြူကွင်းကျေးရွာ၌ **သူသူအောင်ငြိမ်း (၃၅ နှစ်)**ကို လည်းကောင်း၊ ဇလွန်မြို့ လမ်းမတော်မြောက်ရပ်ကွက် ပုပ္ပါးလမ်း၌ **သန့်ဇော် (၄၇ နှစ်)**ကိုလည်းကောင်း၊ ဇလွန်မြို့ လမ်းမတော်မြောက်ရပ်ကွက် ပိတောက်(၅)လမ်း၌ **ဇာနည်စုနိုင် (၃၂ နှစ်)**ကို လည်းကောင်း၊ ဟသ်ာတမြို့နယ် ရဲကွင်းကျေးရွာ၌ **ဇင်မာဝင်း (ခ)ဇင်မာ**ကို လည်းကောင်း၊ လဟာကျော်ကျေးရွာ၌ **အိအိမွန်ကို** လက်လုပ်သေနတ် နှစ်လက်၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ**

**တရားခံ သန့်စင်**၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၉ ရက်တွင် **အောင်ဇော်ဦး(၃၈ နှစ်)**ကို ကြံခင်းမြို့နယ် ကလို့ကွင်းကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ ကြံခင်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအနီး၌ လက်နက်/ခဲယမ်းများ ဝှက်ထားကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းခဲ့ရာ **MK-12 ၁၁ လက်၊ M-22 ရှစ်လက်၊ M-16 သုံးလက်၊ ၅.၅၆ ကျည် ၃၄၈ တောင့်**၊ ၇.၆၂ ကျည်၁၃၀၊ AK-47 ကျည် ၆၀၀ ၊ ပြောင်းချောကျည် ၁၁၂၀ ၊ နင်းမိုင်းအသေး သုံးလုံး၊ နင်းမိုင်းအကြီး(ယမ်းမပါ) တစ်လုံး၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၂ ခု၊ MK-12 ပြောင်း(အပို) ၂၁ ချောင်း၊ MK-12 လက်ကိုင်သုံးခု၊ ယမ်းထုပ် လေးထုပ်၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၇ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ **အောင်ဇော်ဦး**၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၀ ရက်တွင် ကြံခင်းမြို့နယ် အိုးဖိုကုန်းကျေးရွာ၌ **ပိုင်ဇင်ဖြိုး (ခ) ပိုင်ကြီး (၁၉ နှစ်)**ကို လည်းကောင်း၊ သစ်ဆိမ့်ကုန်းကျေးရွာ၌ **ဟိန်းထက်ကျော် (ခ) ဖိုးလပြည့် (၁၆ နှစ်)**ကို လည်းကောင်း၊ တရားခံဝင်းနိုင်၏ ထွက်ဆိုချက်အရ အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာ၌ **ချစ်ကိုကို (ခ) ချစ်ကို(၃၈ နှစ်)**ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**တရားခံ ဇာနည်စုနိုင်**၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၁ ရက်တွင် ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက်၌ **ဥမ္မာငြိမ်းချမ်းဦး (၃၈ နှစ်)**ကိုလည်းကောင်း၊ လမ်းမတော်တောင်ရပ်ကွက်၌ **သီဟထွန်း (၃၁ နှစ်)**ကိုလည်းကောင်း၊ ဇလွန်မြို့နယ် နံ့ကုလားကျေးရွာ၌ **ဝေဝေအောင်(၃၀ နှစ်)**ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**တရားခံ ဝင်းနိုင်**၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၁ ရက်တွင် အင်္ဂပူမြို့ (၃)ရပ်ကွက်၌ **ဌေးဝင်း (၅၆ နှစ်)**ကို လည်းကောင်း၊ ဇေယျကွက်သစ်ရပ်ကွက်၌ **လှသိန်း(၆၇ နှစ်)**ကို လည်းကောင်း၊ အင်္ဂပူမြို့နယ် အောင်ရွာကြီးကျေးရွာ၌ **မြတ်စံ(၅၂ နှစ်)**နှင့် **ဖိုးသာအောင်(၆၅ နှစ်)**တို့ကိုလည်းကောင်း၊ မကျီးစုကျေးရွာ၌ **မြင့်စိုး(၅၇ နှစ်)**ကိုလည်းကောင်း၊ မဲဇလီစုကျေးရွာ၌ **ဇော်မင်း(၄၈ နှစ်)**၊ **သောင်းလင်း (၃၃ နှစ်)**၊ **ကောင်းမြတ်ထက်(၃၀ နှစ်)**နှင့် **မြင့်မြင့်ဝင်း (၃၇ နှစ်)**တို့ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။


အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH နှင့် NUG မှ ရည်မွန်


ဇလွန်မြို့နယ် NLD ပါတီမှ ဝိုင်းမောင်စိုး (ခ) ဝကြီး

**တရားခံ ဝေဝေအောင်**၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၂ ရက်တွင် ဇာနည်စုနိုင် ပေးအပ်ထားသော လက်လုပ်မိုင်း ငါးလုံးအား ဝေဝေအောင်၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့သည်။

**ဆက်စပ်တရားခံများ ဖမ်းဆီးရမိ**

**တရားခံ အောင်ဇော်ဦး**၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများ အင်္ဂပူမြို့နယ် ဘုန်းကြီးစပ်ကျေးရွာရှိတောင်ယာတဲတစ်လုံး၌ တည်းခိုခဲ့ကြောင်း သိရှိရသည့်အတွက် သွားရောက်ရှာဖွေခဲ့ရာ အောက်တိုဘာ ၁၀ ရက်တွင် **နိုင်လင်းအောင်(၃၂ နှစ်)**နှင့် **ယွန်းအိအိအောင်(ခ)ယွန်းယွန်း (၂၁ နှစ်)**တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

**တရားခံ အောင်ဇော်ဦး**၏ ထွက်ဆိုချက်အရ အောက်တိုဘာလ ၁၆ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ **ကောင်းခန့်ကျော်(၂၅ နှစ်)**နှင့် **လင်းသိုက်အောင် (ခ) လင်းသိုက် (၂၃နှစ်)**တို့ နှစ်ဦးကို မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးတွင် **၉ မမပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၉ မမကျည် သုံးတောင့်**တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ **အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ရှစ်ဦး၊ ပေါင်း ၂၉ ဦး၊ MK-12 ၁၁ လက်၊ M-22 ရှစ်လက်၊ M-16 သုံးလက်၊ ပစ္စတို တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်**၊ ကျည်မျိုးစုံ ၂၁၀၃ တောင့်၊ နင်းမိုင်းအသေး သုံးလုံး၊ နင်းမိုင်းအကြီး (ယမ်းမပါ) တစ်လုံး၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ လက်လုပ်မိုင်း တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၃ ခု၊ MK-12 လက်ကိုင် သုံးခု၊ MK-12 ပြောင်း(အပို) ၁၁ ချောင်း၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၇ ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

**ဖောက်ခွဲရေး ဆင့်ပွားသင်တန်းပေး**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ဝင်းနိုင်၊ အောင်ဇော်ဦးနှင့် လင်းသိုက်အောင်**တို့သည် KNLA တပ်မဟာ(၃)၌ လည်းကောင်း၊ **ကောင်းခန့်ကျော်**သည် မြဝတီမြို့နယ် လေးကစ်ကော်အနီး KNLA တပ်မဟာ(၆)တွင် လည်းကောင်း ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ KNLA တပ်မဟာ(၆)တွင် သင်တန်းတက်ရောက်ခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ **ကိုတောက်နှင့် တာတေ**တို့မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၌ ဆိပ်သာတောအတွင်း ဖောက်ခွဲဖျက်ဆီးရေးဆင့်ပွားသင်တန်းကို သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**တရားခံ အောင်ဇော်ဦး**၏ ထွက်ဆိုချက်အရ ဇူလိုင်လတွင် စင်ကာပူနိုင်ငံနေ ဖမ်းဆီးရန်ကျန် တရားခံ **စိုးထွန်း**၏ ချိတ်ဆက်ပေးမှုမှတစ်ဆင့် NUG မှ ဖမ်းဆီးရန်ကျန် တရားခံ **ရည်မွန်**နှင့် အဆက်အသွယ်ရရှိခဲ့ပြီး **ရည်မွန်**မှ **အောင်ဇော်ဦး**အား ဟသ်ာတခရိုင်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဟသ်ာတခရိုင် (Special Task Force) တာဝန်ခံအဖြစ် တာဝန်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**တရားခံ ဇာနည်စုနိုင်၏** ထွက်ဆိုချက်အရ ရန်ကုန်မြို့တွင် တိမ်းရှောင်နေထိုင်လျက်ရှိသော ဇလွန်မြို့နယ် **NLD ပါတီမှ ဖမ်းဆီးရန်ကျန် တရားခံ ဝိုင်းမောင်စိုး (ခ) ဝကြီး**ထံမှ **ဒီတိုနေတာ ၆၀** အား ဇလွန်မြို့နယ်အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် သွားရောက်ယူဆောင်ခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ စည်သူအောင်ထံတွင် သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**တရားခံ အောင်ဇော်ဦး**၏ ထွက်ဆိုချက်အရ ဩဂုတ် ၈ ရက်တွင် KNLA တပ်မဟာ(၆)၌ ပုန်းခိုနေသော ဖမ်းဆီးရန်ကျန် တရားခံ **ကိုကြည်**မှ ပြည်မြို့အထွက်သို့ လက်နက်/ခဲယမ်းများ တင်ဆောင်လာသည့် ဟိုင်းလတ်ယာဉ်အား ဖမ်းဆီးရန်ကျန် တရားခံ **ရေခဲ**အား ချိတ်ဆက်ပို့ဆောင်စေခဲ့ရာ ဖမ်းဆီးရန်ကျန် တရားခံ ကိုတောက်နှင့် တာတေတို့မှ သွားရောက်ယူဆောင်ခဲ့ပြီး ဆိပ်သာရွာအနီးရှိ တောအတွင်းသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁ ရက်တွင် **ကောင်းခန့်ကျော်**မှ မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာတွင် အပြစ်မဲ့ပြည်သူ ဦးဝင်းညွန့်အောင် (၃၆ နှစ်)အား ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် ဟသ်ာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့နှင့် အထက(၁) ကျောင်းဘေးတို့တွင် လက်လုပ်ဗုံး သုံးလုံးအား ဖောက်ခွဲခဲ့သည့် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မွန်အနေဖြင့် ဇလွန်မြို့နယ် NLD ပါတီမှ **ဝိုင်းမောင်စိုး (ခ)ဝကြီး**မှတစ်ဆင့် ရောဝတီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထုအား အကြောက်တရားဖြင့် ထိန်းချုပ်နိုင်ရေးအတွက် ခရိုင်အလိုက် အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်း၍ ဆောင်ရွက်ခိုင်းစေထားကြောင်း ဖော်ထုတ်သိရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

အထက်ပါ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဟေတီနိုင်ငံရှိ ဆေးရုံများတွင် လောင်စာဆီပြတ်တောက်မှုကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ဟု ကုလသတိပေး

ဂျီနီဗာ အောက်တိုဘာ ၂၆

**ဟေတီနိုင်ငံသို့လောင်စာဆီများ ပေးပို့ရာတွင် အခက်အခဲများရှိနေသည့်အတွက် လူ့အသက်ဆုံးရှုံးမှုများအထိ ဦးတည်သွားနိုင်သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းကသတိပေးခဲ့သည်။**

လမ်းများပိတ်နေသည့်အတွက် လောင်စာဆီများ၊ အရေးပေါ်လိုအပ်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးပို့ရာတွင် အခက်တွေ့နေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများအတွက်လည်း အခက်ကြုံနေရသည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်းဒူဂျာရစ်က အောက်တိုဘာ ၂၅ ရက်တွင် ပြောသည်။

အကယ်၍ လိုအပ်သည့်လောင်စာဆီသာ ဆေးရုံများသို့ မရောက်ရှိပါက လူ့အသက်သေဆုံးမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ လုပ်ကိုင်နေကြသူများက ပြောသည်။ လောင်စာဆီပြတ်တောက်မှုမှာ ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာ စင်တာများတွင် ထိခိုက်လျက်ရှိသည်။

ပေါ်တိုပရင့်စ်မြို့ အပါအဝင် အခြားသောမြို့များရှိ ဆေးရုံများတွင် မီးစက်များ လည်ပတ်ရန် လောင်စာဆီပမာဏမှာ နည်းပါးနေပြီဖြစ်သည်။

ကလေးသုံးရာခန့်နှင့် မိခင် ၄၅ ဦး အခြားသော လူနာ ၇၀ ကျော်ကို ဆေးကုသမှုပေးနေသည့် အဓိကဆေးရုံကြီးနှစ်ရုံမှာ အောက်တိုဘာ ၂၆ ရက်တွင် အထောက်အပံ့များမရရှိပါက ခေတ္တရပ်နားရတော့မည်ဟု သိရသည်။

ဆင်ဟွာ



လမ်းများပျက်စီးနေမှုကြောင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့ရာတွင် အခက်ကြုံနေသည်ကို တွေ့ရစဉ်။

# အချက်အလက်သစ်များက အသက်ခြောက်နှစ်မှ ၁၁ နှစ်ကြား ကလေးများအတွက် ကာကွယ်ဆေးကို အထောက်အပံ့ဖြစ်စေဟု မော်ဒါနာဆေးကုမ္ပဏီပြော

**ဝါရှင်တန် အောက်တိုဘာ ၂၆**
အသက်ခြောက်နှစ်မှ ၁၁ နှစ်ကြား ကလေးများကို မော်ဒါနာ ကာကွယ်ဆေး ၂၈ ရက်ခြားကာ ဆေးနှစ်ကြိမ်ထိုးပေးပြီး လေ့လာမှုပြုလုပ်ရာ အားကောင်းသည့် ပဋိပစ္စည်း တုံ့ပြန်မှုတွေ့ရှိရသည်ဟု အမေရိကန် ဇီဝနည်းပညာ ကုမ္ပဏီကြီးဖြစ်သည့် မော်ဒါနာ ကုမ္ပဏီက အောက်တိုဘာ ၂၅ ရက်တွင် ပြောသည်။

KidCOVE ဟု အမည်ပေးထားသည့် လေ့လာမှုတွင် အသက်ခြောက်နှစ်မှ ၁၂ နှစ်အောက် ကလေးငယ် ၄၇၅၃ ဦးပါဝင်ခဲ့ပြီး ကလေးများအတွက် လုံခြုံစိတ်ချရပြီး စွမ်းဆောင်ရည် မြင့်မားသည့် ကာကွယ်ဆေးရရှိရန် ရည်ရွယ်ထားသည်။

ကြားဖြတ် အစီရင်ခံစာအရ ၂၈ ရက်ခြားကာ ကာကွယ်ဆေး နှစ်ကြိမ်ပေးရာတွင် အားကောင်းသည့် ပဋိပစ္စည်းတုံ့ပြန်မှု ပေါ်ပေါက်လာသည်ဟု မော်ဒါနာ ကုမ္ပဏီက ပြောသည်။

ယေဘုယျ ဘေးထွက်ဆိုးကျိုးများမှာ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်းနှင့် နာကျင်ခြင်းတို့ပင် ဖြစ်သည်။

မော်ဒါနာ ကုမ္ပဏီသည် အဆိုပါ အချက်အလက်များကို အမေရိကန်ဆေးဝါးနှင့် အစားအသောက်ကွပ်ကဲရေး စီမံခန့်ခွဲမှု၊ ဥရောပဆေးအေဂျင်စီနှင့် အခြားသော အဖွဲ့အစည်းများသို့ ပေးပို့မည်ဖြစ်သည်။

ဆင်ဟွာ



မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေး။

# ယူဂန္ဒာနိုင်ငံ၌ ဘတ်စ်ကားပေါက်ကွဲ နှစ်ဦးသေဆုံး

**ကမ်ပါလာ အောက်တိုဘာ ၂၆**

ယူဂန္ဒာနိုင်ငံအလယ်ပိုင်း အမ်ပီဂျီခရိုင်တွင် အောက်တိုဘာ ၂၅ ရက်က ဘတ်စ်ကားပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့သည်ဟု ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အဆိုပါကားမှာ မြို့တော်ကမ်ပါလာမှ အနောက်ပိုင်းခရိုင် ဘွတ်ရှ်ညီသို့ ထွက်ခွာလာသည့်ကားဖြစ်သည်။ လူနှစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အများအပြားရှိခဲ့သည်ဟု ယာဉ်စည်းကမ်းထိန်းသိမ်းရေး ရဲအရာရှိ ဖာရီဒ့်ါနမ်ပီမာက ဆင်ဟွာသို့ ပြောသည်။

ပေါက်ကွဲရသည့် အကြောင်းရင်းကိုမူ မသိရသေးချေ။ ယခုအခါ ပေါက်ကွဲမှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ ဗုံးကျွမ်းကျင်သူအဖွဲ့ကိုလည်း စေလွှတ်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်အောက်တိုဘာ၂၃ ရက်ကလည်း မြို့တော်ကမ်ပါလာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး အခြားသူများမှာ ဒဏ်ရာရရှိခဲ့သည်။

ဆင်ဟွာ

# စပိန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုပေါင်း ငါးသန်းကျော်လာပြီဖြစ်

**မက်ဒရစ် အောက်တိုဘာ ၂၆**

စပိန်နိုင်ငံ၌ အောက်တိုဘာ ၂၅ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၄၈၅ ဦး ထပ်မံတွေ့ရှိပြီးနောက် ကူးစက်ခံရသူအရေအတွက်မှာ ငါးသန်းကျော်ရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။

၇၂ နာရီအတွင်း ကူးစက်ခံရသူများကိုထည့်ပေါင်းလျှင် တိုင်းပြည်တစ်ဝန်းကူးစက်ခံရသူအရေအတွက်မှာ ၅၀၀၂၂၁၇ ဦးရှိသည်ဟု သိရသည်။ တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၈၇၁၆၈ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အောက်တိုဘာ ၂၅ ရက်က စပိန်ကျန်းမာရေးစင်တာများတွင် အသက် ၇၀ နှစ်အထက်များကို ကိုဗစ် -၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပေးမှုစတင်နေပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များအရ စပိန်နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးပြီဟု သိရသည်။

ဆင်ဟွာ

# လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှုနှုန်း ၂၀၂၀ ပြည့်နှစ်တွင် စံချိန်တင်

**ဂျီနီဗာ အောက်တိုဘာ ၂၆**
၂၀၂၀ ပြည့်နှစ်တွင် လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ ပါဝင်မှုမှာ စံချိန်တင် မြင့်မားခဲ့သည်ဟု ကုလသမဂ္ဂ ရာသီဥတုအေဂျင်စီ၏ လေ့လာမှု အစီအစဉ်တစ်ခုတွင် ဖော်ပြသည်။ ကမ္ဘာ့ မိုးလေဝသ အဖွဲ့အစည်းက အောက်တိုဘာ ၂၅ ရက်တွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ ရာသီဥတုအေဂျင်စီများမှ အချက်အလက်များကို အခြေခံကာ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုက်ပါဝင်မှုတို့ကို ခွဲခြမ်းစိတ်ဖြာခဲ့သည်။

၁၉၈၄ ခုနှစ် အချက်အလက်များ စတင်ကောက်ယူသည့် အချိန်မှစတင်ကာ အဆိုပါ ဓာတ်ငွေ့သုံးခုပါဝင်မှုမှာ ယခုတစ်ကြိမ်သည် အမြင့်မားဆုံးဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျပန် မိုးလေဝသအေဂျင်စီသည်လည်း အချက်အလက်များ ပေးပို့သည့်အထဲတွင် ပါဝင်ပြီး အကယ်၍ ကမ္ဘာကြီး ဆက်လက်ပူနွေးနေပါက မိုးခေါင်မှုနှင့် ရေကြီးမှုတို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်ဟု ပြောသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချနိုင်ရေး ကာလရှည်စီမံချက်များ ဖြင့်ပြုလုပ်သင့်သည်ဟုလည်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၇၅ သန်းနီးပါးရှိလာ

**ဟနွိုင်း အောက်တိုဘာ ၂၆**

ဗီယက်နမ်နိုင်ငံတွင် အောက်တို ဘာ ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်သူ ၃၅၉၅ ဦး ရှိကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်သူ သုံးဦးနှင့် ပြည်တွင်းကူးစက်သူ ၃၅၉၂ ဦးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံ ကူးစက်မှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၉၆၁၇၄ ဦးအထိရှိလာပြီး ၂၁၈၀၂ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ဆက်လက်သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။



ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှု အများစုမှာ တောင်ပိုင်းဒေသများမှ ဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟို ချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၇၈၃ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၅၂၈ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၄၈၁ ဦးတို့ ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၈၁၀၂၉၀ ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၇၅ သန်းနီးပါးရှိလာပြီ ဖြစ်သည်။

အောက်တိုဘာ ၂၆ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၉၁၃၈၉ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်- ၁၉ စာရင်း ခတ်ခွဲခန်းငါးခန်းမှ အချက်အလက်များပေးပို့ရန် ပျက်ကွက်

**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၄၃၉၃ဦး တိုးလာပြီးနောက် နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၇၆၅၆၇၂ ဦး အထိရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၃၅ ဦး ထပ်မံ သေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူပေါင်း ၄၂၀၇၇ ဦးအထိရှိလာခဲ့သည်။ ယနေ့ ကိုဗစ်-၁၉ ကူးစက်မှု လျော့နည်းခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်မှုလျော့နည်းခြင်းသည် ယမန်နေ့က ခတ်ခွဲခန်းများ၏ ကိုဗစ်-၁၉ စာရင်းပေးပို့မှု နည်းခဲ့သောကြောင့် ဖြစ်သည်။ ထို့အပြင် ခတ်ခွဲခန်း ငါးခန်းမှ အချက်အလက်များပေးပို့ရန် ပျက်ကွက်ခဲ့ကြောင်း ဒီအိုအိတ်ချ်က ဖော်ပြခဲ့သည်။

ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ကျဆင်းလာသောကြောင့် မြို့တော် မနီလာတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း အကျဘက်သို့ ရှိလာခဲ့သည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုသည် စက်တင်ဘာ ၁၁ ရက်က ၂၆၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ဆောင်ရွက်စဉ်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူ ပေါင်း ၂၁ သန်းကျော်လွန် ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# မလေးရှားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသူ ၇၃ ဒသမ ၂ ရာခိုင်နှုန်းရှိ



မလေးရှားနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၄၇၈၂ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၄၃၆၄၉၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၄၇၆၇ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။ နောက်ထပ် ၉၂ ဦး ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၈၄၉၂ ဦးရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှဆင်းလာသူ ၇၄၁၄ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂၃၃၄၇၈၃ ဦးရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၇၃၂၂၃ ဦးအနက် ၆၀၂ ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင်ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၃၀၀ မှာအသက်ရှူအထောက်အကူ ကိရိယာလိုအပ်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက်တစ်ရက်တည်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၈၄၁၆၂ ဦးရှိခဲ့ရာ လူဦးရေ၏ ၇၇ ဒသမ ၇ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းသိရပြီး ၇၃ ဒသမ ၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။

ဆင်ဟွာ

## စင်ကာပူတွင် ကိုဗစ်-၁၉ ကူးစက်နေသူ ၁၇၇၉ ဦးကို ဆေးရုံတွင်ကုသပေးလျက်ရှိ

**စင်ကာပူ အောက်တိုဘာ ၂၆**

စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်က ကိုဗစ်-၁၉ ကူးစက်သူ ၃၁၇၄ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၇၅၈၁၈ ဦးအထိ ရှိလာခဲ့သည်။

ထပ်မံကူးစက်သူများ အနက် ၂၈၄၃ ဦးမှာ အစုလိုက်ကူးစက်မှုဖြစ်ပြီး ၃၂၂ ဦးမှာ ရွှေ့ပြောင်းလုပ်သားများနေထိုင်ရာ အဆောင်များ၌ ကူးစက်မှုဖြစ်ကာ ကိုးဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန (အမ်အိုအိတ်ချ်)က ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

လက်ရှိကိုဗစ်-၁၉ ကူးစက်နေသူ ၁၇၇၉ ဦးမှာ ဆေးရုံတွင်ရှိပြီး ၂၆၁ ဦးမှာ အထွေထွေလူနာများအခန်းတွင် အောက်ဆီဂျင် အထောက်အကူ လိုအပ်လျက်ရှိကြောင်း၊ ၁၀၇ ဦးမှာ အခြေအနေ မတည်ငြိမ်ကြောင်း သိရပြီး အထူးကြပ်မတ်ကုသဆောင်တွင် အနီးကပ်စောင့်ကြည့်ကုသလျက်ရှိသည်။ ၆၄ ဦးမှာ အရေးပေါ်ကုသမှုအခြေအနေရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် အသက်ရှူပိုက်သွင်းထားရကြောင်း သိရသည်။

ဆင်ဟွာ

## တရုတ်နိုင်ငံအရှေ့ပိုင်း ရှီကျန်းပြည်နယ်၌ အသက် ၃နှစ်နှင့်အထက် ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး

**ဟန်ကျိုး အောက်တိုဘာ ၂၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှီကျန်းပြည်နယ်တွင် အသက် ၃နှစ်နှင့်အထက် ကလေးငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံပေးလျက်ရှိကြောင်း ပြည်နယ်ကျန်းမာရေး အရာရှိတစ်ဦးက အောက်တိုဘာ ၂၆ ရက်တွင် ပြောသည်။

ပြည်နယ်ကျန်းမာရေးကော်မရှင် လက်ထောက် ညွှန်ကြားရေးမှူး ကျားရှီကျန်က အသက် ၃ နှစ်မှ စသည့်ကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခြင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေး အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုက်သည်။ အစောပိုင်းက တရုတ်နိုင်ငံ ကျန်းမာရေး အာဏာပိုင်များက အသက် ၁၂ နှစ်နှင့် ယင်းအထက် ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ နိုဝင်ဘာ ၂၀ မတိုင်မီ ကိုဗစ်-၁၉ ပထမအကြိမ် ထိုးနှံပြီးရန်နှင့် ဒီဇင်ဘာ ၂၀ မတိုင်မီ ဒုတိယအကြိမ်ထိုးနှံပြီးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်တွေကြောင့် အငတ်ဘေးရင်ဆိုင်ရဖွယ်ရှိနေတဲ့ အာဖဂန်ပြည်သူများ

ထွန်းကျော်

**အာဖဂန်နစ္စတန်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်တွေဟာ မှတ်တမ်းတင်ရမယ့်အဆင့်အထိ ရောက်ရှိလို့လာခဲ့ပါပြီ။ အာဖဂန်နစ္စတန်မှာရှိတဲ့ လူထက်ဝက်ကျော်ဟာ လာမယ့်လတွေမှာ အထူးစိုးရိမ်ဖွယ်အငတ်ဘေးနဲ့ ရင်ဆိုင်ရမယ်လို့ ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က ပြောကြားလိုက်ပါတယ်။**

### စားနပ်ရိက္ခာမလုံခြုံမှုနဲ့ ရင်ဆိုင်ရလိမ့်မယ်

၂၀၂၁ ခုနှစ် ဆောင်းဦးရာသီနဲ့ ၂၀၂၂ ခုနှစ် မတ်လကြား အာဖဂန်နစ္စတန်နိုင်ငံရဲ့ နောက်ဆုံးစားနပ်ရိက္ခာ ဖူလုံမှုအဆင့် ခွဲခြားသတ်မှတ်ချက် အစီရင်ခံစာ အကဲဖြတ်မှတ်ချက် ထွက်ပေါ်လာပြီး နောက် ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က အခုလို မေတ္တာရပ်ခံပြောကြား လိုက်တာပဲဖြစ်ပါတယ်။

အာဖဂန်နစ္စတန်ရဲ့ လူဦးရေ ထက်ဝက်ကျော်ဖြစ်တဲ့ ၂၂ ဒသမ ၈ သန်းဟာ နိုဝင်ဘာလမှစပြီး စားနပ်ရိက္ခာ မလုံလောက်မှုနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ကုလသမဂ္ဂ အဖွဲ့အစည်းနှစ်ခုက ပူးတွဲထုတ်ပြန်ချက်မှာ ပြောကြားလိုက်ပါတယ်။

### အကျပ်အတည်းကို ဖြေရှင်းဖို့ အရေးပေါ်ရန်ပုံငွေ

ဒီအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းဖို့ဆိုရင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) အနေနဲ့ တစ်လကို အမေရိကန်ဒေါ်လာ သန်း ၂၂၀ လောက် လိုအပ်ပါတယ်။ ကုလသမဂ္ဂ အစားအစာနဲ့ စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)အတွက်ကတော့ သူ့ရဲ့ လူသားချင်းစာနာ နားလည်မှုဆိုင်ရာ ဘေးဒုက္ခ အကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းဖို့ အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ သန်းကို ရှာဖွေရမှာဖြစ်ပါတယ်။ ထို့အပြင် ၂၀၂၂ စိုက်ပျိုးရေးရာသီအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ထပ်မံရရှိဖို့လို အပ်ပါတယ်။

လူသားချင်းစာနာ နားလည်မှုဆိုင်ရာ အရင်းအမြစ်တွေကို မမျှော်မှန်းနိုင်တဲ့ အဆင့်တွေအတွက် သီးသန့်ပြင်ဆင်ထားရမှာဖြစ်တယ်လို့ အဲဒီအဖွဲ့ကြီးနှစ်ဖွဲ့က ထောက်ပြပြောဆိုခဲ့ပါတယ်။

### စားနပ်ရိက္ခာ အကျပ်အတည်း

ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က အာဖဂန်နစ္စတန်ရဲ့ အန္တရာယ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှု အကျိုးသက်ရောက်မှုတွေ၊ စီးပွားရေးခက်ခဲမှုတွေ၊ နိုင်ငံရေး ပဋိပက္ခ အကျပ်အတည်းတွေနဲ့ မိုးခေါင်ရေရှားမှုတွေစတဲ့ အကျိုးသက်ရောက်မှုတွေ ပေါင်းစုလိုက်တော့ ကမ္ဘာ့အကြီးဆုံး စားနပ်ရိက္ခာ အကျပ်အတည်းအဖြစ် ဆိုက်ရောက်လာတော့တာပဲလို့ ရှင်းလင်းဖော်ပြထားပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံရဲ့ စိုက်ပျိုးထွန်ယက်ချိန် ပြီးဆုံးသွားတဲ့ကာလမှာ လူပေါင်း ၁၈ ဒသမ ၈ သန်း သို့မဟုတ် လူဦးရေရဲ့ ၄၇ ရာခိုင်နှုန်းဟာ စားနပ်ရိက္ခာမလုံလောက်မှု အမြင့်ဆုံးအဆင့်ကို ခံစားရနိုင်တယ်လို့ အာဖဂန်နစ္စတန်နိုင်ငံရဲ့ နောက်ဆုံးစားနပ်ရိက္ခာ ဖူလုံမှုအဆင့်ခွဲခြားသတ်မှတ်ချက် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလနဲ့ ၂၀၂၂ ခုနှစ် မတ်လကြားကာလဟာ နောက်ထပ် စားနပ်ရိက္ခာလုံလောက်မှုပျက်စီးယိုယွင်းလာဦးမယ်လို့ အဲဒီအစီရင်ခံစာမှာဖော်ပြထားပါတယ်။ ထို့အတူ စားနပ်ရိက္ခာ အကျပ်အတည်းရဲ့ လွှမ်းမိုးသက်ရောက်မှုကို လူပေါင်း ၂၂ ဒသမ ၈ သန်းလောက် ခံစားရနိုင်တယ်လို့ အစီရင်ခံစာမှာ ထပ်မံဖော်ပြထားပါတယ်။

ဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရသူ ၂၂ ဒသမ ၈ သန်းရှိတဲ့အနက် ၈ ဒသမ ၇ သန်းလောက်ဟာ အစားအစာ အရေးပေါ်အခြေအနေကို ခံစားနေရပါတယ်။ ဒါဟာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်အရ ငတ်မွတ်ခေါင်းပါးမှုရဲ့ တစ်ဆင့်ပဲ နိမ့်တဲ့အဆင့် ဖြစ်ပါတယ်။

### စီမံခန့်ခွဲမှုများ လုပ်ဆောင်

အာဖဂန်နစ္စတန်နိုင်ငံရဲ့ နောက်ဆုံးစားနပ်ရိက္ခာ ဖူလုံမှုအဆင့် ခွဲခြားသတ်မှတ်ချက် အစီရင်ခံစာမှာဖော်ပြထားတဲ့ ကိန်းဂဏန်းတွေဟာ နိုင်ငံတွင်းမှာ မှတ်တမ်းတင်ရလောက်အောင်ဖြစ်ပေါ်နေတဲ့ အမြင့်ဆုံးအဆင့်ဖြစ်ပါတယ်။ ကုလသမဂ္ဂဟာ အာဖဂန်နစ္စတန်နိုင်ငံရဲ့ နောက်ဆုံးစားနပ်ရိက္ခာ ဖူလုံမှုအဆင့် ခွဲခြားသတ်မှတ်ချက် အစီရင်ခံစာရဲ့လေ့လာချက်များကို အခုမှစပြီးနောက် ၁၀ နှစ်အထိ စီမံခန့်ခွဲမှုများ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒီလို အရေးပေါ်အခြေအနေ ဆိုက်ရောက်လာခြင်းရဲ့ နောက်ကွယ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ အကျိုးသက်ရောက်မှုသာမက တခြားအရေးကြီးတဲ့ အချက်တွေလည်း ရှိပါသေးတယ်။ အဲဒါတွေကတော့ မိုးခေါင်ရေရှားမှုတွေ၊ နိုင်ငံရေးပဋိပက္ခတွေနဲ့ ရေရှည်ဖြစ်ပေါ်နေတဲ့ စီးပွားရေးအကျပ်အတည်းတွေပဲ ဖြစ်ပါတယ်။

### နိုင်ငံရဲ့ စီးပွားရေးဟာ ထိုးကျခဲ့

အာဖဂန်နစ္စတန်ရဲ့ ပြည်နယ် ၃၄ ခု အနက် ၂၅ ခုဟာ အလွန်ဆိုးတဲ့ မိုးခေါင်ရေရှားမှုကို ခံစားနေရတယ်လို့ အာဖဂန်နစ္စတန်နိုင်ငံရဲ့ နောက်ဆုံးစားနပ်ရိက္ခာလုံခြုံမှုအဆင့် ခွဲခြားသတ်မှတ်ချက် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံတွင်းမှာဖြစ်ပွားတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကြောင့် လူပေါင်း ၆၆၄၀၀၀ ဦးကို အိုးပစ်အိမ်ပစ် ထွက်ပြေးစေခဲ့ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ နဂိုကတည်းကမှ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၃ ဒသမ ၅ သန်း ရှိနေပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်းတွေနဲ့ နိုင်ငံပိုင်အမျိုးသားအဆင့် အဖိုးတန်ပစ္စည်းပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံဟာလည်း ထိန်းချုပ်ကန့်သတ်ခံထားရပါတယ်။ အဲဒီလိုအခြေအနေတွေကြောင့်လည်း နိုင်ငံရဲ့စီးပွားရေးဟာ ထိုးကျခဲ့ပါတယ်။

### စားနပ်ရိက္ခာဈေးနှုန်းတွေ မြင့်တက်

နိုင်ငံရဲ့ ဘဏ်စနစ်ဟာလည်း ဆိုးရွားတဲ့ နှောင့်ယှက်ဟန့်တားမှုတွေ ဖြစ်နေပါတယ်။ အာဖဂန်ရဲ့ ငွေကြေး (အာဖဂန်နီ)ဟာလည်း သူ့တန်ဖိုးထက် ၁၂ ဒသမ ၅ ရာခိုင်နှုန်းကျနေပါတယ်။ ဒီလို အခြေအနေတွေကြောင့်လည်း အလုပ်လက်မဲ့နှုန်းတွေ တိုးလာပြီး စားနပ်ရိက္ခာ ဈေးနှုန်းတွေမြင့်တက်နေပါတယ်။

မိမိတို့အနေနဲ့ ဆောင်းမတိုင်မီ အာဖဂန်နစ္စတန်နိုင်ငံမှာ အကူအညီပစ္စည်း ဖြန့်ဝေမှုတွေကို မြန်ဆန်ထိရောက်ပြီး အစွမ်းရှိရှိ လုပ်ဆောင်သွားဖို့လိုနေပြီလို့လည်း အက်ဖ်အေအိုရဲ့ ညွှန်ကြားရေးမှူးချုပ် ကျူဒွန်ယုက ပြောပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေ မိမိတို့ရှေ့မှာ ဘွားခနဲပေါ်လာတဲ့အချိန်အထိ ထိုင်စောင့်နေလို့မရဘူးလို့လည်း သူက ပြောလိုက်ပါသေးတယ်။ ။

**ကိုးကား – ဆင်ဟွာ**



အာဖဂန်နစ္စတန်ရှိ ကလေးငယ်များ။

**အာဖဂန်နစ္စတန်ရဲ့ အန္တရာယ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှု အကျိုးသက်ရောက်မှုတွေ၊ စီးပွားရေးခက်ခဲမှုတွေ၊ နိုင်ငံရေးပဋိပက္ခ အကျပ်အတည်းတွေနဲ့ မိုးခေါင်ရေရှားမှုတွေစတဲ့ အကျိုးသက်ရောက်မှုတွေ ပေါင်းစုလိုက်တော့ ကမ္ဘာ့အကြီးဆုံး စားနပ်ရိက္ခာအကျပ်အတည်းအဖြစ် ဆိုက်ရောက်လာတော့တာပဲ**

## အောက်တိုဘာ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂၄ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၂၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၅၈၂ ဦးရှိ

(၂၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၁၄၅) ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၄.၈၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၇၁,၂၅၃) ခု အားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၅,၈၉၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၇၅၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၀,၂၂၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၅၈၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၉၇) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | (၁၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၂) ခု | (၃၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၃၁) ခု | (၄) ဦး |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၇၃) ခု | (၄၁) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၄၃) ခု | (၈၀၄) ဦး |
| စုစုပေါင်း | (၁၉,၁၄၅) ခု | (၉၂၄) ဦး |

**မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ (၂၇-၅-၂၀၂၁ မှ ၂၅-၁၀-၂၀၂၁)**




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျစည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ပြီး လွန်ခဲ့သော (၇) ရက်အတွင်း အချို့ရက်များတွင် ရောဂါပိုးတွေ့ရှိမှုနှုန်း (၅) ရာခိုင်နှုန်းအောက်အထိ လျော့နည်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါ၍ ရောဂါကူးစက်မှုအား ယခုထက် ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာ လိုက်နာကြရန်ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**၂၆- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၄၁၇၅၂၅ | ၃၆၂၇၁၃၂၇ | ၇၅၇၈၄၉ |
| ၂။ | အိန္ဒိယ | ၃၄၂၀၂၂၀၂ | ၃၃၅၈၃၃၁၈ | ၄၅၅၁၀၀ |
| ၃။ | ဘရာဇီး | ၂၁၇၃၅၅၆၀ | ၂၀၉၂၂၆၃၃ | ၆၀၅၈၈၄ |
| ၄။ | ဗြိတိန် | ၈၈၀၉၇၇၄ | ၇၁၇၂၀၉၁ | ၁၃၉၅၇၁ |
| ၅။ | ရုရှား | ၈၃၁၆၀၁၉ | ၇၂၁၃၅၈၄ | ၂၃၂၇၇၅ |
| ၆။ | တူရကီ | ၇၈၇၉၄၆၈ | ၇၃၁၄၈၁၂ | ၆၉၃၄၄ |
| ၇။ | ပြင်သစ် | ၇၁၂၇၁၆၃ | ၆၉၁၆၂၄၇ | ၁၁၇၅၀၈ |
| ၈။ | အီရန် | ၅၈၇၇၄၅၆ | ၅၄၄၃၂၄၃ | ၁၂၅၅၁၉ |
| ၉။ | အာဂျင်တီးနား | ၅၂၈၁၅၈၅ | ၅၁၄၈၀၆၂ | ၁၁၅၈၅၁ |
| ၁၀။ | စပိန် | ၅၀၀၂၂၁၇ | ၄၈၅၆၆၆၉ | ၈၇၁၈၆ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

၂၆- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၁၀၉၀ | ၄၀၈၄၈၃၁ | ၁၄၃၂၇၀ |
| ဖိလစ်ပိုင် | ၂၇၆၅၆၇၂ | ၂၆၆၉၉၅၃ | ၄၂၀၇၇ |
| မလေးရှား | ၂၄၃၆၄၉၈ | ၂၃၃၄၇၈၃ | ၂၈၄၉၂ |
| ထိုင်း | ၁၈၆၆၈၆၃ | ၁၇၄၉၈၄၈ | ၁၈၈၆၅ |
| ဗီယက်နမ် | ၈၉၆၁၇၄ | ၈၁၀၂၉၀ | ၂၁၈၀၂ |
| မြန်မာ | ၄၉၅၈၉၈ | ၄၆၀၂၂၄ | ၁၈၅၈၂ |
| စင်ကာပူ | ၁၇၅၈၁၈ | ၁၄၅၅၅၂ | ၃၂၉ |
| ကမ္ဘောဒီးယား | ၁၁၈၀၀၀ | ၁၁၃၅၂၇ | ၂၇၅၁ |
| လာအို | ၃၇၀၁၈ | ၃၀၀၅၃ | ၅၆ |
| ဘရူနိုင်း | ၁၂၅၉၅ | ၁၀၀၄၇ | ၈၂ |

# နိုင်ငံတော်က အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်ပေးနေတဲ့အချိန်မှာ အလှည့်ကျရရှိလာတဲ့ ကာကွယ်ဆေးကို သွားရောက်ပြီး ထိုးနှံခြင်း မပျက်မကွက် ခံယူသင့်ပါတယ်

ဒေါက်တာသန်းနိုင်စိုး

## အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည့် စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ သိကောင်းစရာများ

ထက်လျှံ

**အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည့် စီမံချက်လုပ်ငန်းနှင့်ပတ်သက်၍ ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးကို တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး ။ ။ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကိုကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးရတဲ့ ရည်ရွယ်ချက်ကို ပြောကြားပေးပါဦး။**

**ဖြေ** ။ ။ အသက် ၁၂ နှစ်ပြည့်ပြီးတဲ့ ကလေးတွေကို ကာကွယ်ဆေးထိုးနှံပေးရေးလုပ်ငန်းကို လက်ရှိနေပြည်တော်မှာ စတင်ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာမှာ ကျောင်းတွေ ပြန်ဖွင့်တဲ့အခါမှာ ကျောင်းသားတွေအကြားမှာ အစုလိုက်အပြုံလိုက် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ကျောင်းတွေ ပြန်ပိတ်ရတာ၊ ကျောင်းသား ကျောင်းသူတွေမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားရင် အနီးကပ်ထိစပ်တဲ့သူတွေ၊ ဆရာ ဆရာမတွေ ကွာရန်တင်းဝင်ရတာတွေကြောင့် ပညာရေးနဲ့ ပတ်သက်ပြီး အဟန့်အတား ဖြစ်ရတာတွေ လျော့နည်းဖို့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည့် စီမံချက်ရဲ့ ရည်ရွယ်ချက်တွေက (၁) အခြေခံပညာအလယ်တန်းနဲ့ အထက်တန်း ကျောင်းသား ကျောင်းသူတွေကို ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူတွေရဲ့ ပညာသင်ယူမှုအခွင့်အလမ်းတွေရရှိစေရန်၊ (၂) အခြေခံပညာ ကျောင်းသား ကျောင်းသူတွေမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသေဆုံးမှုကိုလျှော့ချရန်၊ (၃) ကျောင်းသူ ကျောင်းသားတွေမှတစ်ဆင့် မိသားစုနဲ့ပတ်ဝန်းကျင်ကို ကိုဗစ်– ၁၉ ရောဂါကူးစက် ပြန့်ပွားမှုကို တားဆီးရန် ဖြစ်ပါတယ်။

> ✣ **အခြေခံပညာအလယ်တန်း၊ အထက်တန်းကလေးတွေကို ဦးစားပေးပြီး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပညာရေးဝန်ကြီးဌာန အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ စာရင်းရှိ၊ ကျောင်းအပ်နှံ၊ အမှန်တကယ် တက်ရောက်ဆိုပြီး ကျောင်းသား ကျောင်းသူစာရင်းတွေရှိတဲ့နေရာမှာ အမှန်တကယ် တက်ရောက်တဲ့စာရင်းမှာပါတဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေး ထိုးနှံပေးမှာ ဖြစ်ပါတယ်**

**မေး ။ ။ အခြေခံပညာ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသား ကျောင်းသူဦးရေ အရေအတွက် ဘယ်လောက်ကို ကာကွယ်ဆေး ထိုးနှံပေးရေး ဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုပါတယ်။**

**ဖြေ** ။ ။ တစ်နိုင်ငံလုံးအနေနဲ့ စီမံချက်ရည်မှန်းချက်က ကျောင်းသား ကျောင်းသူဦးရေ တစ်သန်း ရှိပါတယ်။ အဓိက ကျောင်းတကယ်တက်တဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေးပြီး ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းတဲ့ Sinovac ကာကွယ်ဆေးတစ်သန်း doses စတင်ရောက်ရှိနေပြီး နောက်ထပ်လည်း ထပ်မံရောက်ရှိမှာ ဖြစ်ပါတယ်။ အဓိကအချက်က အသက် ၁၂ နှစ် ပြည့်ပြီးဖို့ လိုပါတယ်။ ကျောင်းမှာ အမှန်တကယ် တက်ရောက်တဲ့ ကျောင်းသား ကျောင်းသူ ဖြစ်ရမယ်။ ဒီလို အခြေခံပညာအလယ်တန်း၊ အထက်တန်းကလေးတွေကို ဦးစားပေးပြီး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပညာရေးဝန်ကြီးဌာန အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ စာရင်းရှိ၊ ကျောင်းအပ်နှံ၊ အမှန်တကယ်တက်ရောက်ဆိုပြီး ကျောင်းသား ကျောင်းသူစာရင်းတွေရှိတဲ့နေရာမှာ အမှန်တကယ်တက်ရောက်တဲ့ စာရင်းမှာပါတဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေး ထိုးနှံပေးမှာ ဖြစ်ပါတယ်။

ကျန်စာရင်းတွေထဲမှာ ပါသူတွေအထဲက ကျောင်းကို အမှန်တကယ် တက်ရောက်လာတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းတွေ ပြန်ဖွင့်တဲ့အချိန်မှာ ဆက်လက်ထိုးနှံပေးမှာ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အကြားရှိပြီး အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ မဟုတ်သူတွေ၊ ကျောင်းကို အမှန်တကယ် တက်ရောက်ခြင်း မရှိသူတွေအနေနဲ့ ယခုစီမံချက်မှာ ပါဝင်ခြင်း မရှိပေမယ့် ကာကွယ်ဆေး လွှမ်းခြုံမှုတွေ တစ်နိုင်ငံလုံးမြင့်မားစွာ ရရှိလာတဲ့အခါ ဦးစားပေး အစီအစဉ်အလိုက် ကာကွယ်ဆေးရရှိမှုအပေါ် မူတည်ပြီး နိုင်ငံတော်က ထိုးနှံပေးတဲ့အခါ ပါဝင်လာမှာ ဖြစ်ပါတယ်။

**မေး ။ ။ ကာကွယ်ဆေးထိုးခါနီး မိဘအုပ်ထိန်းသူတွေ၊ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ ဘာတွေသိရှိထားပြီး ကြိုတင်ဆောင်ရွက်ရမယ်ဆိုတာကိုလည်း ပြောကြားပေးပါဦး။**

**ဖြေ** ။ ။ ကျောင်းအလိုက် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမတွေက ဘယ်ကျောင်းသား ကျောင်းသူကဖြင့် စာရင်းရှိ၊ ကျောင်းအပ်နှံ၊ အမှန်တကယ်တက်ရောက်ဆိုပြီး သိတဲ့အတွက်ကြောင့် ဒီဆရာ ဆရာမတွေကနေတစ်ဆင့် သက်ဆိုင်ရာ မိဘတွေကို အကြောင်းကြားပေးပြီး မိဘအုပ်ထိန်းသူရဲ့ သဘောတူညီချက်နဲ့ ကာကွယ်ဆေးထိုးစုရပ်တွေမှာ ကာကွယ်ဆေးထိုးနှံနိုင်အောင် စီစဉ်ပေးတာဖြစ်ပါတယ်။ မိဘတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံခြင်း ခံယူမယ့်ကလေးကို အိပ်ရေးမပျက်စေဖို့၊ အာဟာရပြည့်ဝစေဖို့ စတဲ့အခြေခံကိုယ်ခံအားကောင်းစေတဲ့အချက်တွေကို ကြိုတင်ဆောင်ရွက်ပေးထားဖို့ လိုပါတယ်။ အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြားအရွယ်တွေဆိုတော့ မိဘအုပ်ထိန်းသူရဲ့ သဘောတူညီချက်ပါမှ ထိုးနှံပေးမှာ ဖြစ်ပါတယ်။

ဒီစီမံချက်အရ ကာကွယ်ဆေးထိုးနှံပေးခြင်း လုံးဝမပြုမယ့်ကလေးတွေက အသက် ၁၂ နှစ် မပြည့်သေးတဲ့ကလေးများနဲ့ လတ်တလောဖျားနာနေတဲ့ ကလေးတွေနဲ့ ကိုဗစ် – ၁၉ သံသယလက္ခဏာတွေခံစားနေရတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့အတွက် ကျွမ်းကျင်တဲ့သမားတော်၊ ကျန်းမာရေးဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ ၎င်းတို့၏အကြံပြုချက်အတိုင်း ကာကွယ်ဆေးထိုးနှံပေးရမယ့် ကျောင်းသား ကျောင်းသူတွေ ရှိပါတယ်။ သူတို့က ဆေးတစ်ခုခုနှင့် ဓာတ်မတည့်သော ရောဂါအခံရှိသူတွေ၊ အတက်ရောဂါစတဲ့ ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါ တစ်ခုခုရှိသူတွေနဲ့ မိသားစုဝင်များတွင် ထိုရောဂါရှိသည့် ကျောင်းသား ကျောင်းသူတွေ၊ သွေးဥမွှားလျော့နည်းသူတွေ၊ သွေးမတိတ်ရောဂါရှိသူတွေနဲ့ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ် ရောဂါနဲ့ အိပ်(ချ်)အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါစတဲ့ အခြားရောဂါအခံရှိသူတွေ ဖြစ်ပါတယ်။

**မေး ။ ။ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးရင် ဘယ်လိုနေထိုင် ဆောင်ရွက်ရမယ်ဆိုတာကို သိရှိလိုပါတယ်။**

**ဖြေ** ။ ။ အဓိက ကာကွယ်ဆေးတိုင်းမှာ သာမန်နဲ့ ပြင်းထန်နောက်ဆက်တွဲ ရောဂါတွေ ရှိနိုင်ပါတယ်။ အခုထိုးနှံပေးနေတဲ့ Sinovac ကာကွယ်ဆေးဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ၆၃ သန်း doses ထိုးနှံပေးပြီးပါပြီ။ အာဆီယံနိုင်ငံတွေ အပါအဝင် နိုင်ငံတော်တော်များများမှာ ထိုးနှံပေးလျက်ရှိပြီး မကြာခင်က လာအိုနိုင်ငံမှာ ထိုးနှံပေးလျက်ရှိပါတယ်။ မလေးရှားဆိုရင် ဒီအရွယ်တွေမှာ ထိုးနှံပေးနိုင်ဖို့ Sinovac ကာကွယ်ဆေးကို မကြာခင်က ခွင့်ပြုချက်ပေးလိုက်ပါတယ်။ Sinovac ကာကွယ်ဆေးရဲ့သဘောက Inactivated Virus ပါဝင်တဲ့ ကာကွယ်ဆေးအမျိုးအစား ဖြစ်ပါတယ်။ ဗိုင်းရပ်စ်က ဆက်ပြီး မပွားနိုင်တာဖြစ်ပါတယ်။

ဒါပေမယ့် ဗိုင်းရပ်စ်ရဲ့ဂုဏ်သတ္တိ (antigen) ပါတယ်။ ဒါကို ထိုးနှံပေးလိုက်တဲ့အခါ ခန္ဓာကိုယ်က ဒီဂုဏ်သတ္တိ (antigen) ကို မှတ်မိသွားပြီး သူ့ကို တုံ့ပြန်နိုင်တဲ့ ပဋိပစ္စည်းတွေ ထွက်လာအောင် လှုံ့ဆော်ပေးပါတယ်။ ဒီသဘောဖြစ်တဲ့အတွက် Sinovac လို ကာကွယ်ဆေးတွေကြောင့် ဘေးထွက်ဆိုးကျိုးပြင်းပြင်းထန်ထန် ဖြစ်ပွားတာ၊ ဘေးထွက်ဆိုးကျိုးအနေနဲ့ နောက်ဆက်တွဲရောဂါဖြစ်တာတွေ အင်မတန်မှ နည်းပါတယ်။ ဒါကြောင့် ကာကွယ်ဆေးအုပ်စုအမျိုးမျိုး၊ နည်းပညာအမျိုးမျိုးထွက်တဲ့ အထဲမှာ Sinovac အပါအဝင် Inactivated Virus ပါဝင်တဲ့ ကာကွယ်ဆေးအမျိုးအစားတွေက ပိုမိုစိတ်ချရတဲ့အုပ်စုထဲမှာ ပါဝင်ပါတယ်။

ဒါကြောင့် နိုင်ငံတကာမှာ ကလေးတွေကို ကာကွယ်ဆေးထိုးမယ်ဆိုရင် Sinovac ကာကွယ်ဆေးကို စဉ်းစားကြတာဖြစ်ပါတယ်။ Sinovac မှာ ပြင်းပြင်းထန်ထန် ဘေးထွက်ဆိုးကျိုး ဖြစ်ပွားတာ မရှိဘူးလားဆိုတော့ ကာကွယ်ဆေးတွေရဲ့ သဘောတရားအရဆိုရင် ရှိနိုင်ပါတယ်။ ကလေးဦးရေ တစ်သန်းမှာ တစ်ယောက်လောက်ပဲ ပြင်းပြင်းထန်ထန်ဖြစ်ပွားတဲ့ ဘေးထွက်ဆိုးကျိုးရှိတယ်လို့ သိရပါတယ်။ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ပါတဲ့ ၉ လ၊ ၁၈ လ နှစ်ခါပြန်ထိုးရတဲ့ ဝက်သက်ကာကွယ်ဆေးဆိုရင် ကလေးတိုင်းလိုလို ထိုးကြပါတယ်။ ဒီလိုထိုးတဲ့အခါ နောက်ဆက်တွဲအနေနဲ့ ပြင်းပြင်းထန်ထန်ဖြစ်ပွားနိုင်တဲ့နှုန်းက လူတစ်သိန်းမှာ တစ်ဦးဖြစ်နိုင်တဲ့အတွက် Sinovac ကာကွယ်ဆေးက ဝက်သက်ကာကွယ်ဆေးထက်စာရင် အများကြီးလျော့နည်းပါတယ်။

ဒါက Sinovac ကာကွယ်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကို အလွန်အမင်းစိုးရိမ်စရာ မလိုတဲ့အကြောင်း သိရှိထားရမယ့်အချက် ဖြစ်ပါတယ်။ ဒါပေမယ့် မည်သည့်ကာကွယ်ဆေး မဆိုနောက်ဆက်တွဲ သာမန်လက္ခဏာတွေအနေနဲ့ ခေါင်းမူးတာ၊ ပင်ပန်းနွမ်းနယ်တာ၊ ခေါင်းကိုက်တာ၊ ပျို့တာ၊ အန်တာ၊ အရေပြားယားယံတာ၊ အနီပြင်ထွက်တာ၊ သတိလစ်ခြင်း၊ ဖျားခြင်းနဲ့ ရင်ဘတ်အောင့်ခြင်း ဒါတွေဖြစ်နိုင်ပါတယ်။ ဒီလို သာမန်လက္ခဏာတွေက ပုံမှန်အားဖြင့် ဆေးထိုးပြီး ၄၈ နာရီအတွင်းမှာ သက်သာပျောက်ကင်းသွားနိုင်တာ ဖြစ်ပါတယ်။

မိဘအုပ်ထိန်းသူတွေအနေနဲ့ ကြိုတင်သိရှိထားရမယ့်အချက်က ဒီလိုပြင်းပြင်းထန်ထန် ဘေးထွက်ဆိုးကျိုးဖြစ်ပွားနိုင်တာက ဆေးထိုးပြီး မိနစ်အနည်းငယ်ကနေ နာရီဝက်အတွင်းမှာ ဖြစ်ပွားလေ့ရှိပါတယ်။ များသောအားဖြင့် ၁၅ မိနစ်အတွင်းမှာ ဖြစ်ပွားတတ်ပါတယ်။ ဒါကြောင့် ဆေးထိုးပြီးရင် ဆေးထိုးစုရပ်က မထွက်ခွာဘဲ စိတ်ချရအောင် နာရီဝက် မဖြစ်မနေစောင့်ဖို့ လိုပါတယ်။ ဒီလိုစောင့်နေစဉ်အတွင်းမှာ တစ်ခုခုဖြစ်လာခဲ့ရင်လည်း ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်တဲ့ ပြင်းထန်ဝေဒနာတွေကို ကုသပေးနိုင်တဲ့ လေ့ကျင့်သင်ကြားထားတဲ့ ကျန်းမာရေးဝန်ထမ်းတွေက လိုအပ်တဲ့ ဆေးဝါး/ ဆေးပစ္စည်းတွေ အဆင်သင့်နဲ့ စောင့်ကြပ်ကြည့်ရှုကုသပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆေးထိုးပြီး ဆေးထိုးစုရပ်မှာ နာရီဝက် စောင့်နေဖို့ အရေးကြီးပါတယ်။ *စာမျက်နှာ ၁၇ သို့*

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်(၅၅)နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



တောင်ငူမြို့နယ်၌ ဒေသခံပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၃၂၀၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ဒေသခံပြည်သူ ၃၃၃၁၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၃၄၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၉၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၇၇၂၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၄၀၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နှင့် ဆားလင်းကြီးမြို့၌ ဒေသခံပြည်သူ ၁၁၆၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၈၆၄၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် မိုးညိုမြို့တို့၌ ဒေသခံပြည်သူ ၂၀၉၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများ စာသင်နှစ် တစ်နှစ်နစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများ ဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၄၀၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၈၈၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား ကျောင်းသူ ၄၀၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၃၂၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၂၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၅ ဦးနှင့် အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၁၅၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခါတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသမီး နှစ်ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေး ကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကိုဗစ်–၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများအား စနစ်တကျလက်ခံဆောင်ရွက်စဉ်။

*စာမျက်နှာ ၁၆ မှ*

**မေး ။ ။ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေကို ထိုးနှံပေးမယ့် အစီအစဉ်မှာ ဦးစားပေးလူအုပ်စုတွေ သတ်မှတ်ထားတာ ရှိတယ်ဆိုရင်လည်း ပြောကြားပေးပါ။**

**ဖြေ** ။ ။ ပထမဦးစားပေးအနေနဲ့ ပညာရေးဝန်ကြီးဌာန အခြေခံပညာအလယ်တန်း၊ အထက်တန်းမှာ ကျောင်းတကယ်တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ ဖြစ်ပါတယ်။ ကျန်တဲ့ ကျောင်းသားကျောင်းသူတွေကို ဦးစားပေးအစီအစဉ်၊ ကာကွယ်ဆေးရရှိမှုအပေါ်မူတည်ပြီး အဆင့်ဆင့် ထိုးနှံပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ကာကွယ်ဆေးထိုးနှံပေးမယ့် စုရပ်၊ ကာကွယ်ဆေးထိုးနှံပေးမယ့် အဖွဲ့မှာ ပါဝင်မယ့်သူတွေနဲ့ ပတ်သက်ပြီးပြောကြားပေးပါဦး။**

**ဖြေ** ။ ။ ကာကွယ်ဆေးထိုးနှံပေးမယ့် စုရပ်ပေါင်း ထောင်နဲ့ချီပြီး ရှိပါတယ်။ ဒီလို စုရပ်တွေမှာ ပါဝင်ဆောင်ရွက်ရတဲ့သူတွေက အတော်များပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီဗဟိုကနေ အဆင့်ဆင့်ဦးဆောင်မှုတွေပေးပြီး နီးနွယ်ဝန်ကြီးဌာနတွေ၊ စေတနာ့ ဝန်ထမ်းတွေအားလုံး ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဆေးထိုးစုရပ်တစ်ခုမှာ အနည်းဆုံးလူ ၇ ဦးပါဝင်လေ့ရှိပြီး နံပါတ် ၁ က ကာကွယ်ဆေးထိုးနှံရေး အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန (သို့မဟုတ်) ကာကွယ်ရေး ဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်း ဖြစ်ပါတယ်။

နံပါတ် ၂ က ဆေးထိုးနှံပေးသူဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက ဆောင်ရွက်တာဖြစ်ပါတယ်။ နံပါတ် ၃ က ဆေးထိုးနှံသူကို ကူညီသူဖြစ်ပါတယ်၊ သူကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (သို့မဟုတ်) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖြစ်ပါတယ်။ နံပါတ် ၄ က ကာကွယ်ဆေးမထိုးနှံမီ သွေးပေါင်ချိန်တယ်၊ အောက်ဆီဂျင် တိုင်းတယ်၊ ကိုယ်အပူချိန်တိုင်းတယ် စသဖြင့် ကျန်းမာရေး စစ်ဆေးပေးပြီး ကာကွယ်ဆေးထိုးနှံရန် သင့် မသင့် ဆုံးဖြတ်ပေးတဲ့သူလည်း ရှိပါတယ်။ ဒါက ကျန်းမာရေးဝန်ကြီးဌာနက ဆရာဝန် (သို့မဟုတ်) သူနာပြု (သို့မဟုတ်) ကျန်းမာရေးမှူးအဆင့် ၁ (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူးတစ်ဦးပါဝင်မှာ ဖြစ်ပါတယ်။

နံပါတ် ၅ က ကာကွယ်ဆေးထိုးနှံမယ့်သူတွေရဲ့ စာရင်းတွေကို ရေးသွင်းရသူဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (သို့မဟုတ်) ပညာရေးဝန်ကြီးဌာနက ပါဝင်ရပါတယ်။ နံပါတ် ၆ က ဆေးထိုးနှံမယ့်သူတွေ လာရင် ကြိုဆိုနေရာချထားရေး ဆောင်ရွက်မယ့်သူဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (သို့မဟုတ်) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖြစ်ပါတယ်။

နံပါတ် ၇ က ကာကွယ်ဆေးထိုးနှံပြီး စောင့်ဆိုင်းရန်နေရာမှာ ကြီးကြပ်တဲ့သူဖြစ်ပါတယ်။ သူက ကာကွယ်ဆေးထိုးနှံခြင်း ခံယူထားသူတွေရဲ့ ကျန်းမာရေးအခြေအနေ ထူးခြားမှုရှိလာရင် ချက်ချင်း ဆေးအဖွဲ့တွေဆီကို ပို့ဆောင်ပေးနိုင်မယ့်သူဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (သို့မဟုတ်) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးထိုးနှံရေးအဖွဲ့တစ်ခုမှာ အဖွဲ့ဝင်တွေ အများကြီးပါဝင်ရပါတယ်။ ဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘူး နီးနွယ်ဝန်ကြီးဌာနတွေ ပါဝင်ရတယ်။ စေတနာ့ဝန်ထမ်းတွေရဲ့ ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဆေးထိုးစုရပ်တစ်ခုဖြစ်ဖို့၊ ဒီနေရာကို ကာကွယ်ဆေးတွေ အအေးလမ်းကြောင်းမပျက် ရောက်ရှိလာအောင်၊ ဆေးထိုးအပ် အစရှိတဲ့ ဆေးဝါးပစ္စည်းတွေ စနစ်တကျဖြစ်အောင်၊ စာရင်းတွေ စနစ်တကျဖြစ်အောင် ဆောင်ရွက်ရတာ အတော့်ကို လက်ဝင်ပါတယ်။ အားလုံးကလည်း အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ရတာဖြစ်ပါတယ်။

ဒါကြောင့် ဒီလို နိုင်ငံတော်က အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်ပေးနေတဲ့အချိန်မှာ အလှည့်ကျရရှိလာတဲ့ ကာကွယ်ဆေးကို သွားရောက်ပြီး ထိုးနှံခြင်း မပျက်မကွက်ခံယူသင့်ပါတယ်ဆိုတာကို ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

# လူကုန်ကူးမှုဖြင့် တရားခံနှစ်ဦးအား ထောင်ဒဏ် ၁၀နှစ်စီချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၆**

လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရန်ကုန် တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဦးမြ ရပ်ကွက် အမှတ် (၃၁) ပိတောက်ရွှေဝါလမ်းနေ ဒေါ်စန်းစန်းဦးနှင့် မြိတ်မြို့နယ် ဇေယျာသီရိ(၁) ရပ်ကွက် အမှတ် ၁၃ ရန်ကြီးအောင်လမ်းနေ ဦးဆန်းလွင်တို့က ကြည့်မြင်တိုင်မြို့နယ် ငဇင်ကျေးရွာနေ မ xxx၊ (၂၁နှစ်)နှင့် လိပ်စာတူ မ xxx၊ (၂၉နှစ်)တို့ကို မြိတ်မြို့ရှိ စက်ရုံများတွင် အလုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေပြီး လုပ်အားခ ခေါင်းပုံဖြတ် ရယူခဲ့သဖြင့် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းနယ်မြေ ရဲစခန်းက (ပ) ၂၈၉/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အနောက်ပိုင်း ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ယမန်နေ့က တရားခံ ဒေါ်စန်းစန်းဦးနှင့် ဦးဆန်းလွင်တို့ကို လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ / ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးညှင်းမြို့နယ် ဇီးကုန်းကျေးရွာအနီးတွင် ထွန်းလင်းထက်(ခ)ပါကျဲ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၃၉၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကောင်းမြို့ ရွာသစ်ရပ်ကွက် ဗိုလ်တေဇလမ်းနှင့် စံပယ်လမ်းဆုံတွင် စိုးမြင့်ကျော်(ခ) ကိုငယ်နှင့် မနီလာဝင်းစိုးတို့ နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ ပိတ်ချင်းမြောင် စစ်ဆေးရေး စခန်းအနီးတွင် သန့်ဇင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၅ ဒသမ ၈ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် မြတ်လေးနွယ်(၂)လမ်း အမှတ် (၁၈၄/အေ) မြေညီထပ်ရှိ မမြစိန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သန်းဝင်းခိုင်၊ မအေးအေးအောင်တို့ကို တွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၀၂၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် မိုင်းရယ်-လားရှိုး သွားကားလမ်း မိုင်တိုင်အမှတ် (၃၉/၅)အနီးတွင် ကျနူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **ရဲပြန်ကြား**

● *ကျောဖုံးမှ*

လက်ရှိပရီမီယာလိဂ်တွင် ဝက်စ်ဟမ်းအသင်းက အဆင့် (၄) နေရာတွင်ရှိပြီး ပြိုင်ဘက် မန်စီးတီးအသင်းက အဆင့် (၃) နေရာတွင် ရှိသည်။ ထို့ကြောင့် ယခုပွဲစဉ်သည် ပရီမီယာလိဂ်အသင်းအချင်းချင်း တွေ့ဆုံသည့်ပွဲစဉ်ဖြစ်သည့်အတွက်လည်းကောင်း၊ အမှတ်ပေး ဇယား အဆင့် (၃) နှင့် (၄) နေရာတွင် ရပ်တည်နေသည့် အသင်းချင်းချင်း တွေ့ဆုံနေသည့် ပွဲစဉ်ဖြစ်သည့်အတွက်လည်းကောင်း အကြိတ်အနယ်ရှိလာမည် ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းအနေဖြင့် ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းအတက်ဘက်ရောက်နေသလို မန်စီးတီးအသင်းကလည်း ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက် အနိုင်ရရှိထားသည့်အတွက် ခြေစွမ်းထက်မြက်နေသည်။ သို့သော်လည်း အသင်းစုဖွဲ့မှုပိုင်းနှင့် စွမ်းဆောင်ရည်ပိုင်းတွင် ဝက်စ်ဟမ်းအသင်းအနေဖြင့် မန်စီးတီးအသင်းကို မယှဉ်သာသော်လည်း ဒေးဗစ်မိုယက်စ်အနေဖြင့် ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းကို မည်သည့် နည်းဗျူဟာအသုံးပြုပြီး ယှဉ်ပြိုင်သွားမည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းနှင့် မန်စီးတီးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့သည့် သုံးကြိမ်တွင် မန်စီးတီးအသင်းက အသာရထားပြီး တစ်ပွဲသရေကျကာ နှစ်ပွဲအနိုင်ရရှိထားသည်။ ထို့အပြင် မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းအသင်းထက် ခံစစ်ပိုင်းကျစ်လျစ်မှုရှိပြီး တိုက်စစ်ပိုင်းထက်မြက်သည့်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ယူပြီး နောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်မလားသို့မဟုတ်မန်စီးတီးအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့်အစဉ်အလာကို ချိုးဖျက်ကာ ဝက်စ်ဟမ်းအသင်း နောက်တစ်ဆင့်တက် ရောက်သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**အောင်ဇော်**

❊ *ကျောဖုံးမှ*

ကစားသမားများအဖြစ် ဂိုးသမား- ထွန်းနန္ဒဦး၊ အောင်ကိုလတ်၊ ပြည့်ဖြိုးသူ၊ **နောက်တန်း-** စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ဟိန်းထက်စည်သူ၊ ဟိန်းဇေယျာလင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ သက်ပိုင်ထွေး၊ **အလယ်တန်း-** လွင်မိုးအောင်၊ နန်းထိုက်ဇော်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ရဲလင်းထက်၊ ရဲရင့်အောင်၊ **ရှေ့တန်း-** ဝင်းနိုင်ထွန်း၊ သန့်ဇင်မြင့်၊ မြတ်ကောင်းခန့်၊ ခင်ကျော်ဝင်း၊ ကောင်းမြတ်သူတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၃ အသင်းသည် ခြေစစ်ပွဲမတိုင်မီ ယူအေအီးနိုင်ငံ၌ အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် ယူအေအီးပထမတန်းကလပ် Al Jazeera Al Hamra အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာယူ-၂၃ အသင်းသည် ယူအေအီးနိုင်ငံတွင် ခြေစမ်းပွဲတစ်ပွဲကစားပြီးနောက် အောက်တိုဘာ ၂၅ ရက် ညပိုင်းတွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ထွက်ခွာခဲ့ရာ ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့သို့ အောက်တို ဘာ ၂၆ ရက် နံနက်အစောပိုင်းတွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ပြီးခဲ့သည့်ရက်ပိုင်းကတည်းက စတင်ကျင်းပနေပြီး နိုဝင်ဘာ ၂ ရက်တွင် အားလုံးပြီးဆုံးမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I) ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ အုပ်စု (I) ပထမပွဲအဖြစ် အောက်တိုဘာ ၂၇ ရက် **(ယနေ့)**တွင် ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာအသင်းမှာမူ နောက်နှစ်ပွဲမှသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၃၀ ရက်တွင် တရုတ်(တိုင်ပေ)အသင်း၊ နိုဝင်ဘာ ၂ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း (၄၄ ဒသမ ၄၃၈၂)တန်၊ သစ်မာတန် (၁၁ ဒသမ ၁၅၂၀)၊ အခြား (၁၄ ဒသမ ၉၃၁၂) တန်၊ စုစုပေါင်း (၇၀ ဒသမ ၅၂၁၄) တန်၊ တရားခံ ခုနစ်ဦး၊ ယာဉ်/ယန္တရား ကိုးစီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၀-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သူတို့ဒေသ သူတို့ဘ၀ **'ဝန်းပေါ်မြေမှ ရှမ်းရိုးရာ'**
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၅** ဆေးဘက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး **'ပဲပင်ပေါက်'**
**၁၃:၃၀** MRTV National News
**၁၄:၃၀** **'နဝရတ်ကိုးသွယ်အငြိမ့်'**
**၁၆:၃၅** အသိပညာနှင့်အမှန်တရား **'သတင်းစိစစ်ခြင်းနှင့်အနုပညာ'**
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင် **'မြန်မာ့အနုသုခုမပြခန်း'** (အပိုင်း-၂)
**၁၇:၃၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ (သုတစံပြမောင်မယ် ဆုရ) (ပွဲစဉ်-၆)
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၂၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောပေတ္တာများ'** (အပိုင်း-၁၇)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:25** Global Partnership For Brighter Future: Mission Possible - The Opportunity Paviliony
**07:32** Discovering Tribes "Rvwang" Their Life and Customs (Part-2)
**08:00** Tapestry - A Unique Combination Of Painting and Craftsmanship
**08:20** Mulberry Art Painting: Muu Muu
**08:34** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
**09:01** Myanmar Traditional Food: Mohinga
**09:21** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
**09:32** Life of Sea Urchin Diver
**09:43** Clam Farming
**10:01** Rural Customs & Powder Festival
**11:01** Myanmar Invites You

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စာပေသင်ကြားရအောင် (အပိုင်း-၁)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါအလည်ရောက်စေချင်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်တို့အလှူမွန်တို့ရိုးရာဝတ်စုံ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးထဲကပိုး
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဂျင်း(ချင်း)နှင့်ကျန်းမာရေး
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel (MRTV FARMERS') တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 4 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 8 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 9 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၈၀ ကျပ် | ၁၄၇၅/၁၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၅/၁၄၈၅ ကျပ် | ၁၄၉၀/၁၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၀/၁၄၇၀ ကျပ် | ၁၄၉၀/၁၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၁၅ ကျပ် | ၁၆၀၀/၁၆၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၉၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၇၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၉ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၁ . ၁၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၃၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၇၂၈ | ၆၂၈၄၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၂၂၄၅ | ၇၁၉၃၄၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄ | ၃၁၆၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃၆၇ | ၉၅၄၂၀၀ |
| EFR | ၂၈၅၀ | ၂၉၀၀ | ၁၁၇ | ၃၃၈၄၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅၂၂ | ၂၆၁၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်ကို အတူတူရင်ဆိုင် ကျော်ဖြတ်ကြပါစို့

ဒေါက်တာဇွန်

**၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉)သည် ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အချိန်ကာလအားဖြင့် လပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ တတိယအကျော့တွင်ရှိနေပြီး အချို့နိုင်ငံများသည် စတုတ္ထအကျော့သို့ ရောက်ရှိနေပြီ ဖြစ်သည်။**

မြန်မာနိုင်ငံသည် ပထမအကျော့တွင် ဖြစ်ပွားမှု၊ သေဆုံးမှုနည်းခဲ့သော်လည်း အမေရိကန်၊ အင်္ဂလန်၊ အီတလီစသည့် နိုင်ငံကြီးများသည် ပထမအကျော့၏ ဒဏ်ကို အပြင်းအထန်ခံခဲ့ကြရသည်။ ဆေးရုံခုတင်မလုံလောက်မှု၊ ဆေး၊ ဆေးပစ္စည်း၊ အကာအကွယ်သုံးဝတ်စုံ၊ ဝန်ထမ်းမလုံလောက်မှုများ ကြုံတွေ့ခဲ့ကြသည်။ အောက်တိုဘာ ၁၆ ရက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ လူဦးရေ ၂၃၉ သန်းကျော် ရောဂါကူးစက်ခံရပြီး လေးသန်းရှစ်သိန်းကျော် သေဆုံးခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (ကိုဗစ်-၁၉) ကပ်ရောဂါနှင့် ပတ်သက်၍ စိတ်ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည်များကို ၁၈-၃-၂၀၂၀ တွင် အောက်ပါသတင်းအချက်အလက်များ မျှဝေခဲ့ပါသည်။

### ပြည်သူများအတွက် သတင်းအချက်အလက်

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံများစွာ၊ နေရာများစွာတွင် လူမျိုးမရွေး၊ ဘာသာမရွေး ဖြစ်ပွားနိုင်ခြေရှိသည်။ ရောဂါရှိသူကို ကိုဗစ်သားကောင်၊ ကိုဗစ်မိသားစုဟု မသုံးနှုန်းရန်၊ ခွဲခြားဆက်ဆံခြင်းမပြုရန်၊ ကိုဗစ်ကူးစက်ခံရသူ၊ ကိုဗစ်အတွက် ဆေးကုသမှု ခံယူနေသူဟု သုံးနှုန်းရန်၊ ယုံကြည်ရသည့် သတင်းအရင်းအမြစ်များကို ရှာဖွေကြည့်ရှုခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရမည်များကို ပြင်ဆင်နိုင်မည်ဖြစ်သည်။ မိမိကိုယ်ကို ကာကွယ်ရင်း အခြားသူများကို ဝိုင်းဝန်းကူညီခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည်ဟု မျှဝေခဲ့ပါသည်။

### ကျန်းမာရေးလုပ်သားများအတွက် သတင်းအချက်အလက်များ

ကျန်းမာရေးဝန်ထမ်းများသည် မျှော်လင့်မထားသော အဖြစ်အပျက်များကို ကြုံတွေ့ရပြီး ထိုအတွေ့အကြုံများမှ သင်ခန်းစာယူကာ ပူပန်ကြောင့်ကြမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းဗျူဟာကို အသုံးပြုခြင်းဖြင့် ယခုအချိန်တွင် အကျိုးရှိစေမည်ဖြစ်သည်။ ပူပန်ကြောင့်ကြမှုများမှ ကင်းဝေးအောင် လုပ်ဆောင်ရမည်မှာ ကိုယ်ကိုယ်တိုင်ဖြစ်သည်။ စိတ်ကျန်းမာရေးသည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကဲ့သို့ အရေးပါသည်ကို သတိပြုရန်၊ လုံလောက်သော အနားယူခြင်း၊ အာဟာရပြည့်ဝအောင် စားသောက်ခြင်း၊ မိသားစု၊ သူငယ်ချင်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ဆက်သွယ်ရန်၊ ကိုဗစ်ကာကွယ်ကုသရေးလုပ်ငန်းသည် ရေတိုမဟုတ် ရေရှည်လုပ်ငန်းဖြစ်သည်ဟု ဖော်ပြထားပါသည်။

### ကိုဗစ်-၁၉ နောက်ဆက်တွဲများ

ကိုဗစ်-၁၉ ဖြစ်ပြီး ပြန်ကောင်းလာသူများတွင် ၁၀ ယောက်တွင် တစ်ယောက်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလက္ခဏာများ ဆက်လက်ခံစားနေကြရသည်။ ပုံမှန်အားဖြင့် ကိုဗစ်လက္ခဏာများသည် သုံးပတ်မှ လေးပတ်ကျော်လျှင် ကောင်းသွားကြပြီး ၁၀ ရာခိုင်နှုန်းလောက်သည် လက္ခဏာများ ဆက်ရှိနေသေးကြောင်း US Symptom Study တစ်ခုမှ ပြောထားပါသည်။

### ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ

အားမရှိခြင်း၊ နုံးခြင်း၊ မောခြင်း၊ ချောင်းဆိုးမပျောက်ခြင်း၊ အနံ့နှင့် အရသာပြန်မရသေးခြင်း၊ မျက်စိကြည့်မကောင်းခြင်း(ဝါးနေခြင်း၊ နှစ်ထပ်ဖြစ်ခြင်း)၊ ရင်တုန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အရေပြားယားယံခြင်း၊ အဖုအပိမ့်ထွက်ခြင်း၊ အာရုံစူးစိုက်မရခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေကြပါသည်။

### စိတ်ပိုင်းဆိုင်ရာ လက္ခဏာများ

အိပ်မပျော်ခြင်း၊ ဒေါသကြီးခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ အဖော်မဲ့သလိုဖြစ်နေခြင်း၊ စိတ်ဖိစီးခြင်း စသည့် (post traumatic stress disorder) များ တစ်ခုထက်ပို၍ ခံစားရတတ်သည်။

### ကိုဗစ်-၁၉ နှင့် ဦးနှောက်နှင့် အာရုံကြောအခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေများ

အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ကိုဗစ်လူနာပေါင်း ၂၃၀၀၀၀ ကျော်ကို ခြောက်လကြာ သုတေသနပြုထားချက်များအရ ကိုဗစ်-၁၉ မှ ပြန်ကောင်းလာသူတွင် ၃၄ ရာခိုင်နှုန်းသည် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာအခြေအနေများ ဖြစ်ပေါ်နေကြောင်း ထုတ်ပြန်ထားပါသည်။ ဦးနှောက်နှင့် အာရုံကြောအခြေအနေတွင် ဦးနှောက်သွေးယိုခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ မှတ်ဉာဏ်လျော့နည်းခြင်း၊ စဉ်းစားမရခြင်း၊ မူးခြင်း၊ ခေါင်းကိုက်ခြင်း၊ အာရုံစုစည်းမရခြင်းများ ဖြစ်ကြကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ခန္ဓာကိုယ်မှ ဝင်လာသောဗိုင်းရပ်စ်ကို တိုက်ထုတ်ရာမှ ဖြစ်ပေါ်လာသော ကိုယ်တွင်းတုံ့ပြန်၍ ရောင်ရမ်းခြင်းနှင့် သွေးကြောများ ဒဏ်ရာရရှိမှုကြောင့်ဖြစ်ပြီး ယင်းလက္ခဏာများသည် ကိုဗစ်-၁၉ မှ ပြန်လည်နေကောင်းလျှင် ဝေဒနာများ မရှိကြသော်လည်း အချို့မှာ ကာလကြာမည်ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာအနေဖြင့် စိတ်ပူပန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အိပ်မပျော်ခြင်း၊ မူးယစ်ဆေးအလွဲသုံးခြင်းများ အများဆုံးဖြစ်သည်ဟု ၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက်တွင် ထုတ်ပြန်ထားပါသည်။

### ကိုဗစ်-၁၉နှင့် လူမှုရေးပြဿနာများ

ကိုဗစ်-၁၉ ဖြစ်၍ မိသားစုဝင်များ တစ်ဦးမက ဆုံးရှုံးရခြင်း၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ ဆုံးရှုံးရခြင်း၊ အိမ်ထောင်ဦးစီးဆုံးရှုံး၍ မိသားစုအားကိုးရာမဲ့သွားခြင်း၊ မကျန်းမမာ၍ အလုပ်မလုပ်နိုင်ခြင်း ၊ ကပ်ရောဂါကြောင့် လုပ်ငန်းများ ရပ်ဆိုင်း၍ဝင်ငွေလျော့နည်းခြင်း၊ အလုပ်လက်မဲ့ဖြစ်သွားခြင်းများကို အများစုမှာ ကြုံတွေ့ခဲ့ကြ၊ ကြုံတွေ့နေရဆဲဖြစ်သည်။

စာရေးသူကိုယ်တိုင် ကိုဗစ်ဖြစ်၍ ပြန်ကောင်းလာပြီး နောက်ဆက်တွဲများဖြစ်သော မောခြင်း၊ နုံးခြင်း၊ အိပ်မပျော်ခြင်း၊ ရင်တုန်ခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းများကို တစ်လကြာခံစားခဲ့ရပါသည်။ သူငယ်ချင်းဆရာဝန် ရှစ်ဦးနှင့် ဆွေမျိုးမိတ်ဆွေများကို ဆုံးရှုံးခဲ့ရပါသည်။

### လိုက်နာဆောင်ရွက်ရမည့် အချက်များ

ကူးစက်ကပ်ရောဂါများ ဖြစ်နေချိန်တွင် အောက်ပါအချက်(၄)ချက်ကို လိုက်နာဆောင်ရွက်ရပါမည်။

**(၁) ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရန် (Healthy lifestyle)**

ကိုယ်ခံအားကောင်းမွန်ရန် အစားကိုဝင်အောင်စားရမည်ဖြစ်သည်။ အစားအစာ သုံးအုပ်စုဖြစ်သော (အသား၊ ငါး၊ ပဲ၊ နို့)၊ (ဆန်၊ဆီ၊ ပြောင်း၊ ဂျုံ၊ အာလူး) နှင့် (ဟင်းသီးဟင်းရွက် အသီးအနှံများ) စုံလင်စွာစားရမည်ဖြစ်သည်။ အဆီအဆိမ့်များ၊ သကြား၊ အချိုမှုန့်များ အလွန်အကျွံမစားရန်၊ ပြန်ကြော်ဆီများ၊ ဆီကြော်အစားအစာများ ရှောင်ရန်နှင့် ဆားနှင့် အငန်ကို လျှော့စားရပါမည်။ အသီးအရွက်ကို အရက်ပြန်၊ လက်သန့်ဆေးရည်ဖြင့် ဖျန်းခြင်းသည် အဆိပ်အတောက်ဖြစ်စေပြီး ရေသန့်သန့်ဖြင့် ဆေးလျှင် လုံလောက်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရှင်းပြထားပါသည်။ ရေများများသောက်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပုံမှန်လုပ်ဆောင်ရန်၊ လုံလောက်စွာ အိပ်ရန် (၇ နာရီ) လိုအပ်ပါသည်။ ခုခံအားစနစ်သည် အိပ်ချိန်တွင် ပြန်လည်တည်ဆောက်သဖြင့် အိပ်ရေးဝအောင်အိပ်ရပါမည်။ အိပ်ခါနီး ဖုန်းကြည့်ခြင်း ရှောင်သင့်ပါသည်။

**(၂) လေ့ကျင့်ခန်းလုပ်ရန်**

လူကြီးများသာမက ကလေးများပါ လှုပ်လှုပ်ရှားရှားနေသင့်ပါသည်။ ငါးနှစ်အောက် ကလေးသည် တစ်ရက်ကို နှစ်နာရီခန့်၊ ငါးနှစ်မှ ၁၇ နှစ်အရွယ်သည် တစ်ရက်ကို တစ်နာရီခန့်၊ ၁၈ နှစ်အထက်သည် တစ်ပတ်လျှင် အနည်းဆုံးမိနစ် ၁၅၀ လှုပ်ရှားမှုလုပ်သင့်ပါသည်။ stay at home ကာလအိမ်တွင်ပင်အလုပ်လုပ်ရသဖြင့် လှုပ်လှုပ်ရှားရှားနေရန်လိုအပ်ပါသည်။ ပေ့ါပါးသော လေ့ကျင့်ခန်းဖြစ်သည့် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းများ လုပ်နိုင်ပါသည်။ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ကိုယ်တွင်းအဆီဓာတ်ကို လျော့စေပြီး အဆုတ်အားကောင်းစေပါသည်။ ထို့ပြင် မကူးစက်သောရောဂါ (Non Communicable disease ) ကိုလည်း လျှော့ချနိုင်ပါသည်။ နေကောင်းပြီးစတွင် ပြင်းထန်သော လေ့ကျင့်ခန်း မလုပ်သင့်သေးပါ။

**(၃) စိတ်ကျန်းမာရေး ဂရုစိုက်ရန်**

အိမ်တွင်နေရချိန် စိတ်ကို အနားမပေးသည့်အနေဖြင့် ကိုယ်ဝါသနာပါရာ တစ်ခုခုကို လုပ်နေရပါမည်။ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ သစ်ပင်စိုက်ခြင်း၊ ချက်ပြုတ်ခြင်း၊ ပန်းထိုးခြင်း၊ သီချင်းနားထောင်ခြင်း စသည်တို့ကို လုပ်ဆောင်နေခြင်းဖြင့် စိတ်ကို အလုပ်ပေးနေရမည်ဖြစ်သည်။ စိတ်ခွန်အားပြည့်မှ မျှော်လင့်ချက်များ ထားနိုင်မည်ဖြစ်သည်။ စိတ်ငြိမ်းချမ်းရန် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ အဆိုးမြင်အတွေးချည်းမတွေးဘဲ အကောင်းများလာတော့မည်ဟု တွေးရန်၊ ဆုံးရှုံးမှုကြောင့် ထိခိုက်နာကျင်နေပါက ယုံကြည်ရမည့်သူကို ဖွင့်ပြောရန်၊ ဆိုရှယ်မီဒီယာသုံးချိန်လျှော့ရန်၊ ယုံကြည်ရသည့် သတင်းအရင်းအမြစ်ကိုသာ ကြည့်ခြင်းဖြင့် စိတ်ကျန်းမာရေးကို ကိုယ်ကိုယ်တိုင် တည်ဆောက်ရမည်ဖြစ်ပါသည်။

**(၄) ဆေးလိပ်၊ ကွမ်းယာ၊ အရက်ဖြတ်ရန်**

**ဆေးလိပ်သောက်ခြင်းနှင့် ကိုဗစ်-၁၉**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သုတေသနဆွေးနွေးခန်းတွင် ဆွေးနွေးချက်များအရ ဆေးလိပ်သောက်သူတွင် ကိုဗစ်ဖြစ်လျှင် သာမန်သူများထက် ၅၀ ရာခိုင်နှုန်း ဝေဒနာပိုခံစားရနိုင်ပြီး သေဆုံးနိုင်ခြေပိုများကြောင်း ဆွေးနွေးထားပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်းကို ဖြတ်လိုက်လျှင် နောက်ဆုံးအကြိမ် စီးကရက်သောက်ပြီး မိနစ် ၂၀ အတွင်း နှလုံးခုန်နှုန်းနှင့် သွေးခုန်နှုန်း ပိုကောင်းလာမည်ဖြစ်ပြီး ယခုအချိန်သည် ဆေးလိပ်ဖြတ်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ဆွေးနွေးထားပါသည်။

### ကွမ်းစားခြင်းနှင့် ကိုဗစ်-၁၉

ကိုရိုနာဗိုင်းရပ်စ်သည် ကိုဗစ်ရောဂါရှိသူ၏ တံတွေးဂလင်းတွင် ခိုအောင်းနေလေ့ရှိပြီး နှာချေ၊ ချောင်းဆိုး စကားပြောရာမှတစ်ဆင့် ထွက်လာသော တံတွေး အစက်အမှုန်များတွင် ရောဂါပိုးအမြောက်အမြား ပါဝင်နိုင်ပါသည်။ သုတေသန မှတ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူ၏ တံတွေးသလိပ်တွင် ဗိုင်းရပ်စ်ပါဝင်မှုနှုန်းသည် ၉၁ ဒသမ ၇ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအစက်အမှုန်များသည် အနီးကပ်ထိတွေ့သူ၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့မှတစ်ဆင့် တိုက်ရိုက်ထိရောက်ခြင်း၊ အစက်အမှုန်များ တင်ကျန်ရစ်သည့် အရာဝတ္ထုမျက်နှာပြင်ကို ထိကိုင်သောလက်မှတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဖြစ်ပွားမှုအား ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် စည်းကမ်းမဲ့ တံတွေး၊ သလိပ်ထွေးခြင်း၊ ကွမ်းသွေးထွေးခြင်းတို့ကို လုံးဝရှောင်ကြဉ်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတိပေးထားပါသည်။

### ကိုဗစ်-၁၉ နှင့် ကာကွယ်ဆေး

ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုဌာန (CDC) မှ ၂၀၂၁ စက်တင်ဘာ ၁၀ ရက်တွင် သုတေသနတွေ့ရှိချက်တစ်ခုကို ထုတ်ပြန်ထားပါသည်။ ဒယ်လ်တာကဲ့သို့ ကူးစက်မြန်ပြင်းထန်သည့် ဗိုင်းရပ်စ်မျိုးကွဲများ ပြန့်ပွားနေချိန်တွင် ကာကွယ်ဆေးထိုးထားသူသည် မထိုးထားသူထက် ရောဂါကူးစက်မှု ငါးဆ လျော့နည်းသည်။ ရောဂါပြင်းထန်၍ ဆေးရုံတက်ရမှုကို ၁၀ ဆ အထက်၊ သေဆုံးမှုကို ၁၀ ဆအထက် လျှော့ချပေးနိုင်သည်ဟု ဆိုထားပါသည်။ လေ့လာထားချက်များအရ ရောဂါဖြစ်ပွားမှု၏ ၉၂ ရာခိုင်နှုန်း၊ ဆေးရုံတက်ရမှု၏ ၉၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးမထိုးရသူများ ဖြစ်သည်။ သေဆုံးမှု၏ ၉၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးမထိုးထားသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် မထိုးထားသူများ

**❑ ပူပန်ကြောင့်ကြမှုများမှ ကင်းဝေးအောင် လုပ်ဆောင်ရမည်မှာ ကိုယ်ကိုယ်တိုင်ဖြစ်သည်။ စိတ်ကျန်းမာရေးသည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကဲ့သို့ အရေးပါသည်ကို သတိပြုရန်၊ လုံလောက်သော အနားယူခြင်း၊ အာဟာရပြည့်ဝအောင် စားသောက်ခြင်း၊ မိသားစု၊ သူငယ်ချင်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ဆက်သွယ်ရန်၊ ကိုဗစ်ကာကွယ် ကုသရေးလုပ်ငန်းသည် ရေတိုမဟုတ် ရေရှည်လုပ်ငန်းဖြစ်သည်**

*စာမျက်နှာ ၂၁ သို့*

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်နေသည့် သွေးကျောက်ချောင်းတံတား ၈၀ ရာခိုင်နှုန်းခန့် ပြီးစီး

ကသာ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၄ ဒသမ ၆ သန်းဖြင့် ပြုပြင်ဆောင်ရွက်နေသည့် ကသာမြို့နယ် ကျန်တောကျေးရွာအုပ်စု ကျန်တောကျေးရွာ (ကသာ-ပြည်သာယာ-သိမ်အင်း) ကတ္တရာလမ်းမပေါ်ရှိ သွေးကျောက်ချောင်းသစ်သား တံတားပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းသည် ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (ဓါတ်ပုံ)



အဆိုပါတံတားသည် (၂၂၄ x ၁၄) ပေရှိသည့်အနက် ပျက်စီးနေသည့် အစိတ်အပိုင်းဖြစ်သော ပေ ၄၀ ခန်း နှစ်ခန်း၊ ၂၄ ပေခန်း နှစ်ခန်းကို ခရိုင်တည်ဆောက်ရေး လုပ်ငန်းများ စိစစ်ကြီးကြပ်ရေး ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တံတားပြန်လည်ပြုပြင်ရေး လုပ်ငန်းအဖွဲ့က အောက်တိုဘာ ၈ ရက်မှစတင်၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အဆိုပါ လုပ်ငန်းသည် ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ တံတားလက်ရန်းများကိုသာ ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း၊ ယခုနှစ် အောက်တိုဘာလအတွင်း၌ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပြည်သူများ အဆင်ပြေ လွယ်ကူစွာ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ တံတား ပြန်လည်ပြုပြင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင်ထံမှ သိရသည်။

သွေးကျောက်ချောင်း သစ်သားတံတားသည် ကသာမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာနှင့် လူဦးရေ ၂၇၅၃၀ တို့၏ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအထောက်အကူပြုသည့်အပြင် ခရိုင်ချင်းဆက် အမှတ်(၃) လမ်းမကြီးနှင့် ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ တံတားတစ်ခုဖြစ်သည့် အားလျော်စွာ ထီးချိုင့်မြို့နယ်အတွင်းမှ လာရောက်သည့် ပြည်သူများ အတွက်ပါ များစွာအထောက်အကူပြုသည့် တံတားတစ်စင်းဖြစ်သည်။

ခရိုင် (ပြန်/ဆက်)

*စာမျက်နှာ ၂၀ မှ*

ဖြစ်သည်ဟု ထုတ်ပြန်ထားပါသည်။ ကိုဗစ်ရောဂါ ကူးစက်ခံထားရပြီးလျှင်လည်း ကာကွယ်ဆေး ထိုးရန် လိုအပ်ပါသည်။ ကိုဗစ်ကာကွယ်ဆေးထိုး၍ ထွက်လာသော ခုခံအားပဋိပစ္စည်း(Antibody)သည် ကိုဗစ်ပိုးဝင်ရောက်၍ ထွက်လာသော ပဋိပစ္စည်းထက် ပို၍ကာကွယ်မှုကို ရသောကြောင့်ဖြစ်သည်။ ကာကွယ်ဆေးကို နှစ်ကြိမ်ပြည့်အောင်ထိုးပြီး နှစ်ပတ်ခန့်ကြာမှ ကာကွယ်မှုကို ရမည်ဖြစ်သည်။ ကာကွယ်မှုရမှ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**အစာလည်းဆေး ဆေးလည်းအစာ**

ကိုဗစ်-၁၉ တတိယအကျော့တွင် ဗီတာမင်စီ၊ ဗီတာမင်ဒီ၊ ဇင့်(သွပ်) စသောအားဆေးများကို သောက်သည်များရှိသည်။ အချို့ဆေးများ ဈေးကြီးပေးဝယ်ရပြီး အချို့ဆေးများ ဝယ်မရသည်များရှိသည်။ လိမ္မော်သီး၊ သံပရာသီး၊ ခရမ်းချဉ်သီး၊ ပင်မှည့်သီး၊ နာနတ်သီး၊ ဆီးဖြူသီးနှင့် ချဉ်သော အရသာရှိသော အသီးများကို စားခြင်းဖြင့် ဗီတာမင်စီရမည်ဖြစ်သည်။ ဗီတာမင်ဒီသည် ကြက်ဥ၊ တိရစ္ဆာန်အသည်း၊ ဒိန်ချဉ်၊ နွားနို့နှင့် အစေ့အဆန်များတွင် ပါရှိသည်။ နေရောင်ခြည်နုနုမှလည်း ရရှိသည်။ ဇင့်(သွပ်)သည် နှမ်းစေ့၊ ဖရုံစေ့၊ အနီရောင်အသား၊ ကမာကောင်၊ သီဟိုဠ်စေ့၊ ကညွတ်၊ ဥအမျိုးမျိုး၊ ဟင်းနုနွယ်၊ ပဲအမျိုးမျိုး၊ အခွံမာအသီး၊ အစေ့အဆန်များတွင် ပါရှိသည်။ ဗီတာမင်ပါသော ဟင်းသီးဟင်းရွက် အသီးအနှံများကို စားခြင်းဖြင့် ရောဂါကာကွယ်သော ဓာတ်ကိုရရှိမည်ဖြစ်သည်။

အိမ်တွင်နေထိုင်ရန် (stay at home) ကို ကန့်သတ်မှုအဖြစ် မယူဆဘဲ ကိုယ်လုပ်ချင်သော အရာများကို လုပ်ကိုင်နိုင်သည့် အခွင့်အရေးတစ်ခုအဖြစ် ရှုမြင်လိုက်လျှင် အကျိုးရှိမည်ဖြစ်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်ဆိုသည့်အတိုင်း ပါးစပ်၊ နှာခေါင်းစည်းသည် အသက်ရှူစက်ထက် ပိုကောင်းသည်။ မိမိအိမ်သည် အရေးပေါ်ခန်းထက် ပိုကောင်းသည်ကို သတိချပ်ရမည်ဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ကျန်းမာသည့် လူနေမှုဘဝပုံစံ (Healthy lifestyle) နှင့် နေထိုင်ခြင်း၊ စိတ်ကျန်းမာရေးကို ဂရုစိုက်ခြင်း၊ ကိုဗစ်စည်းကမ်းချက်များကို အသိသတိဖြင့် တိကျစွာ လိုက်နာဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားမည်ဆိုလျှင် ကိုဗစ်-၁၉ ရောဂါလို ကူးစက်ရောဂါများကို ကြံ့ကြံ့ခံကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးအရ လုံခြုံစိတ်ချသူတစ်ဦး ဖြစ်လာမည်။ ထိုအချက်များကို တစ်ယောက်ချင်းစီမှ မိသားစု၊ တစ်ရပ်ကွက်လုံးမှ တစ်နိုင်ငံလုံး လိုက်နာကျင့်သုံးကြခြင်းဖြင့် ကိုဗစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်ဖြတ်နိုင်မည်ဖြစ်ပါသည်။

**ကိုးကား**


**WHO Website**

**(6) months neurological and psychiatric outcomes by lancet psychiatry**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း အစီအစဉ် (နိုင်ငံထုတ်သတင်းစာများ)**





**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**

**ဆရာ၊ ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့်**
**ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသားများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို အမြဲတပ်ဆင်ရန်၊

၃။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask) တပ်ဆင်ရန်၊ Air-con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊

၄။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ဆောင်ရွက်ရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊

၅။ ကျောင်းသို့လာသည့် ကျောင်းသားများကို စာသင်ကျောင်းဂိတ်ဝတွင် အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာနိုင်ရေး၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများတွေ့ရှိပါက တာဝန်ရှိသူ(သို့) နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊

၆။ ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှုအခြေအနေ ဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4) နှင့်အညီ ကျောင်းနှင့်စာသင်ခန်းများ ကြိုတင်ပြင်ဆင်နိုင်ရေး၊ ကျောင်းအုပ်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်၊

၇။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေအကွာမှသာ ပြောဆိုဆက်ဆံ၍ ကျောင်းလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အတန်းတွင်းသင်ကြားသင်ယူခြင်းနှင့် လူစုလူဝေးဖြစ်စေမည့် အစည်းအဝေးများ၊ ကျောင်းတွင်းလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကို ခပ်ခွာခွာနေခြင်း(Social Distancing)မှုနှင့်အညီ ဆောင်ရွက်ရန်၊

၉။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံးနှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

၁၀။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုမြို့၌ အောက်ဆီဂျင်စက်ရုံ ဖွင့်လှစ်ပေးပြီး ပူတာအိုလွင်ပြင်ပတ်လမ်းနှင့် တံတားများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

**ပူတာအို အောက်တိုဘာ ၂၆**
ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့က ပူတာအိုမြို့၌ အောက်ဆီဂျင်စက်ရုံ ဖွင့်လှစ်ပေးပြီး ပူတာအိုလွင်ပြင်ပတ်လမ်းနှင့် တံတားများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့ ခရိုင်ပြည်သူ့ဆေးရုံအတွင်း တည်ဆောက်ပြီးစီးသည့် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုခရိုင်သည် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှုအနည်းဆုံး ဒေသဖြစ်သော်လည်း ခရိုင်အတွင်းရှိ ပြည်သူများ၏ လိုလားတောင့်တချက်တစ်ခုဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အဓိကကျသည့် အောက်ဆီဂျင် လိုအပ်ချက်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်ထံ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ငွေကျပ် ၁၀ သိန်းနှင့် ခရိုင်ပြည်သူ့ဆေးရုံ ဆရာဝန်၊ သူနာပြုများအတွက် ငွေကျပ် ၂၄ သိန်း၊ ပူတာအိုမြို့ Snow Land Hotel ပိုင်ရှင် ဦးရယ်ဒမ်းတန်က အောက်ဆီဂျင်အိုး သယ်ဆောင်ရေး ထော်လီများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အောက်ဆီဂျင်စက်ရုံနှင့် စက်ရုံဆိုင်ရာစာရွက်စာတမ်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသကိုယ်စားပြုအဖွဲ့ဝင် ဦးမယစ်ယောရှုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အောက်ဆီဂျင်စက်ရုံ အဆောက်အအုံအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီး၊ စစ်ဗျူဟာအဖွဲ့(အခြေချ) ပူတာအိုမှ ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းမင်းသိန်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံလည်ပတ်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ခြေ ၂၀၅၆ အိမ်နှင့် လူဦးရေ ၁၀၉၄၀ ဦးတို့အား အကျိုးပြုနေသည့် ပူတာအိုလွင်ပြင်ပတ်လမ်း (ပူတာအို- လယ်မယ်ဝါရီ - နမ်ရှယ်ကော့-မန်စေခွန် -မန်စေလမ်းပိုင်း) လမ်းအရှည် ၂၅ မိုင်အတွင်း ကွန်ကရစ်လမ်း ၄/ ၄ မိုင်၊ ကွန်ကရစ်တံတား ၁၁ စင်း၊ ရေထုတ်ပြွန်လေးစင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကွန်ကရစ်လမ်းနှစ်မိုင် ဆောင်ရွက်ရန် လျာထားမှုနှင့် နမ့်ပလပ်ချောင်းကူး တံတားတည်ဆောက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မန်စေကျေးရွာအတွင်း ဆောက်လုပ်ပြီးစီးသည့် မန်စေတံတားဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုလွင်ပြင်ပတ်လမ်းသည် ရေခဲတောင်သွားလမ်းတစ်ခုဖြစ်သည့်အပြင် ဒေသအတွက် စိုက်ပျိုးရေးကုန်ထုတ်လမ်းတစ်ခုဖြစ်ပြီး ဒေသတွင်းလူထုအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်သော လမ်းပိုင်းဖြစ်သည့်အတွက် အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးကို ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ဇီးကုန်း အောက်တိုဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက သစ်နဖားကျေးရွာအုပ်စု ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒု-လ.ဝ.က မှူး ဦးအောင်မြင့်စိုးက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သစ်နဖားကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ် ၁၁၄ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်းငါးခုကို ကျေးရွာသူ ကျေးရွာသားများထံ လက်ဝယ်အရောက်ပေးအပ်သည်။

ဇီးကုန်းမြို့နယ်တွင် အဆိုပါပန်းခင်းစီမံချက်ကို မေ ၃ ရက်မှ စတင်၍ ၁၈ လအတွင်း နိုင်ငံသားစိစစ်ရေးကတ် ၂၈၃၈ ခုကို ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ၈၁၄ ခု၊ အိမ်ထောင်စုလူဦးရေစာရင်း ၂၅၅ စုတို့ကို ပြုလုပ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ သိရသည်။

**တင့်ဆွေ (ပြန်/ဆက်)**

## ပြည်ပသို့တင်ပို့ရာတွင် အရည်အသွေးကန့်သတ်ချက်များ ရှိနေသဖြင့် ကြက်သွန်နီဈေးနှုန်းများ အနည်းငယ်ကျဆင်း

**ရန်ကုန် အောက်တိုဘာ ၂၆**
ကြက်သွန်နီ ပြည်ပသို့ တင်ပို့ရာတွင် အရည်အသွေးပိုင်း ကန့်သတ်ချက်များ ရှိနေသဖြင့် ယခုရက်အတွင်း ပြည်တွင်း ကြက်သွန်နီ ဈေးနှုန်းများ အနည်းငယ်ပြန်လည် ကျဆင်းလာကြောင်း သိရသည်။

"ကြက်သွန်နီ ဈေးကတအား ထိုးကျတာမျိုးတော့ မဟုတ်ဘူး။ တောင်သူတွေက ပြည်ပတင်ပို့တဲ့ ကြက်သွန်တွေ ထဲအထားမခံတဲ့ ကြက်သွန်တွေ ထုတ်ရောင်းကြတယ်။ ကုန်သည်ပွဲစားကလည်း မြတ်တယ်ဆိုပြီး အဲဒါတွေကို ရောရောပြီး Export လုပ်ခဲ့တယ်။ တင်ပို့လိုက်ပြီး ၁၅ ရက်လောက်အကြာမှာ ကြက်သွန်တွေက အညှောက် ပေါက်လာတယ်။ အဲဒီအခါ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာကြက်သွန်တွေကို အပုပ်တွေ များတယ်ဆိုပြီး အဝယ်ကို ရပ်လိုက်တာပေါ့။ အဲဒါကြောင့်မို့ Export တန့်သွားတဲ့အခါကျတော့ အလိုလို ဈေးပြန်ကျသွားတဲ့ သဘောပါ" ဟု မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့မှ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ ဦးဝင်းမြင့်ဌေးက ပြောသည်။

အောက်တိုဘာ ၂၀ ရက် ဝန်းကျင်အထိ ကြက်သွန်နီ အရည်အသွေးပေါ် မူတည်၍ ခြံကောက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ မှ ၇၅၀ အတွင်း ဈေးနှုန်းများ ရရှိခဲ့ကြောင်း သိရသည်။

"အရင်ကတော့ ဘယ်လောက်ပမာဏရရ ယူမယ်ဆိုတဲ့ သဘောဖြစ်ခဲ့ပေမယ့် အခုကျတော့ သန့်မှ တင်ပို့လို့ရမယ့်သဘောဆိုတော့ ပွဲစားတွေက ထုတ်ကွက်မရှိတော့တာပါ။ တကယ့်တကယ် အရည်အသွေးကောင်းတဲ့ ကြက်သွန်ဆိုရင်တော့ တစ်ပိဿာကို ငွေကျပ် ၅၅၀/၆၀၀ ဝန်းကျင် ရနိုင်ပါတယ်။ ကြက်သွန်ကလည်း အရည်အသွေးအမျိုးမျိုးရှိတယ်။ သိုလှောင်ရုံကို သီးသန့်မထားဘဲ ကိုယ်နေတဲ့ အိမ်လေးဘေးမှာ အဖီလေးလုပ်ထားပြီး ကြက်သွန်တွေပုံတိုက်ပြီး စုလှောင်ထားတာမျိုးဆိုရင် အရည်အသွေးကျဆင်းမှု ရှိတတ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကြက်သွန်နီ ပြည်ပသို့တင်ပို့ရာတွင် အရည်အသွေးပိုင်း ကန့်သတ်ချက်များ အနေဖြင့် ကြက်သွန်နုတ်ပြီးချိန် မူလပုံစံမပျက်အတိုင်း ကြက်သွန်မြိတ် ခြောက်နေခြင်း၊ မိုးလေကင်းလွတ်၍ သန့်ရှင်းမှုရှိကာ လေဝင်လေထွက်ကောင်းသော သိုလှောင်ရုံအမျိုးအစားတွင် သိုလှောင်ထားခြင်း၊ ကြက်သွန်အခွံ ညို/ ရှုံ့မှုမဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**




## တောမွဲ့မြေသား၊ ရေတိုက်စား၏

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၁၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၁၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ရက် (၆လ)အတွင်း ဆောင်ရွက်ရမည့် အောက်ဖော်ပြပါလုပ်ငန်းစီမံကိန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) သုံးထပ်ပင်မ စာသင်ဆောင် ဆက်စပ်လုပ်ငန်းများ

(ခ) ကျောင်းအဝင်မုခ်ဦးနှင့် ရှေ့မျက်နှာစာ အုတ်ခြံစည်းရိုး (ဂိတ်တဲအပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်း၊

(ဂ) ကျောင်းသား/သူဆောင် (၂)ဆောင်တွင် ခြံစည်းရိုး Chain Link ကာရံခြင်းလုပ်ငန်း

၂။ တင်ဒါအဆိုပြုလွှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၁၁-၂၀၂၁ရက်

အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၃၀-၁၁-၂၀၂၁ရက် ညနေ ၃နာရီ

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် ဖုန်း-၀၉-၃၃၆၀၆၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့စာတိုက်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

